mgyoe.com

# အဂုန်တာရာ

# ပန်းနုရောင်နှစ်ကာလများ

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ရွှေချည်မျှင်ရက်
ပြိုးပြက်ပတ္တမြားရောင် ပန်းချီကားချပ်
စာအုပ်ထပ်တွေ တိပ်ခွေပြန့်ကြဲ
ပန်းပွင့်တွဲလောင်း ပန်းစိုက်ဖိတ်စင်
မွှေးရစ်ထုံသန်း မွှေးနေ့လမ်းရှင်
ကြည်ကြည်လင်လင် ငါလျှင်တွေးတော
လွတ်လပ်ရေးအကြောင်း မျိုးဆက်သစ်အကြောင်း
ပြန်ပြောင်းပေါ်ကာ ဆန်းသစ်လာသည်
ပန်းနုရောင်နှစ်ကာလများ....

ဒဂုန်တာရာ
၁၆.၉.၂၀၀၂

ISBN 9789997114167
DGT16
9 789997 114167
1,800.00KS

ပန်းနုရောင်နှစ်ကာလများ။ ဒဂုန်တာရာ
စာမျက်နှာ ၁၀၆ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁ အောင်ပါလေစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပန်းနုရောင်နှစ်ကာလများ ဒဂုန်တာရာ

မိုးဝေစာပေမဂ္ဂဇင်း(၁၉၇၅ နိုဝင်ဘာမှ ၁၉၇၆ ဇူလိုင်လထိ)နှင့်
မိုးဂျာနယ် ၁/၂၀၀၈၊ ပြူးတီးမဂ္ဂဇင်း မတ်/၂၀၀၃

မောင်နွေထက်-ပြန်လည်ဖြည့်စွက်စီစဉ်ထားသည်။

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ဒဂုန်တာရာ၏အမှာ | (က) |
| ၁။ | ပန်းနုရောင် နှစ်ကာလများ (ကဗျာ) | ၁ |
| ၂။ | ပန်းနုရောင် နှစ်ကာလများ | ၄ |
| ၃။ | သစ်ရွက်တစ်ရွက်နှင့် သစ်တောစုံမြိုင် | ၁၅ |
| ၄။ | ပတ်ဝန်းကျင်သစ်၏ရိုက်ခတ်မှု | ၃၇ |
| ၅။ | စိန်သရဖူကို လမ်းဘေးရောက်အောင် ဘယ်လိုလုပ်ကြမလဲ | ၇၄ |
| ၆။ | ပန်းနုရောင် နှစ်ကာလများ | ၁၀၁ |


❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဒဂုန်တာရာ၏ အမှာ

## (က)

ကျွန်တော်သည် လွန်ခဲ့သော အနှစ် ၃၀၊ ၄၀ ခန့်က **"ပန်းနုရောင် နှစ်ကာလများ"** ဟူသောအမည်ဖြင့် ဆောင်းပါးများစတင်ရေးခဲ့သည်။ ထိုအခါက ကျွန်တော်သည် လစဉ်ရေးမည်ဟု စိတ်ပိုင်းဖြတ်ကာ ရေးခြင်း ဖြစ်သည်။ သို့သော် ရေးနေစဉ်တွင်ပင် ကျွန်တော် အကြောင်းအမျိုးမျိုးကြောင့် ရပ်လိုက်ရသည်။ ယခု ပြန်ထုတ်မည်ဆိုတော့ ကျွန်တော် အမှာမရေး၍မဖြစ်။ ထိုအခါက ကျွန်တော်သည် မိမိ၏နိုင်ငံရေးအတွေ့အကြုံများကို အတ္ထုပ္ပတ္တိဆန်ဆန်ရေးမည်ဟု စိတ်ကူး၍ စလိုက်ခြင်း ဖြစ်သည်။ သို့သော် တကယ် ရေးလိုက်သောအခါ ဆက်၍ မရေးဖြစ်တော့။ ယခုတော့ ကိုဇော်ခိုင်ဦး၏ ရင်းနှီးခင်မင်ရသူမိတ်ဆွေက ထုတ်မည်ဆိုသောအခါ ကျွန်တော် သဘောတူလိုက်သည်။ ကျွန်တော် ဆက်ရေးချင်သော စာတစ်ပုဒ်...

ကျွန်တော်က အနီရောင်ကို ကြိုက်သူမဟုတ်။ သို့သော် ပန်းနုရောင်ကိုတော့ ကြိုက်သည်။ ပန်းနုရောင်သည် "နုပျိုခြင်း၏ သင်္ကေတ" ဟု ကျွန်တော်က ယူဆသည်။ ထို့ကြောင့် ကြိုက်သည်။ တကယ်ကတော့ **"ပန်းနုရောင်နှစ် ကာလများ"** သည် ကျွန်တော်၏ လူထုလှုပ်ရှားမှု အတွေ့အကြုံများကို ဖော်ပြထားခြင်း ဖြစ်သည်။

၁၀ တန်း မအောင်ခင် ကျောင်းသားဘဝကတည်းက ကျွန်တော်သည် အများနှင့်ဆိုင်သော လူထုအဖွဲ့အစည်းများတွင် စတင်ပါဝင်ခဲ့ဖူး

mgyoe.com

mgyoe.com



သည်။ ယခင်က စ၍ ကျွန်တော်၏အတွေ့အကြုံကို ရေးရန် စိတ်ကူးမိသည်။ ထိုအခါကတော့ အသက်အရွယ်ကလည်း ငယ်သေးသည်။ ဆယ်ကျော်သက်အရွယ်မျှသာဖြစ်သေး၍ ကောင်းစွာ နားမလည်သေး။ ကျွန်တော်၏သဘာဝကတော့ လူအများနှင့် ဆက်စပ်၍ ဆောင်ရွက်ရသောကိစ္စများတွင် ကျွန်တော် သိပ်ပါချင်သူမဟုတ်။ သို့သော် ယူနီဗာစီတီကောလိပ်သို့ရောက်သောအခါ စစ်ကိုင်းကျောင်းဆောင်တွင် စာဖတ်နှင့် သဟာယအသင်းတွင် အမှုဆောင် ဖြစ်ခဲ့သည်။ မဲနှင့်ရွေးချယ်တင်မြှောက်သောကိစ္စဖြစ်၍ ကျွန်တော် စိတ်ဝင်စားသွားသည်။ ထို့နောက် တက္ကသိုလ်သမဂ္ဂ ၁၉၃၉–၄၀ နှင့် ၁၉၄၀–၄၁ တွင် ကျွန်တော် နှစ်နှစ် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ကျောင်းတွင်နေစဉ်က တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းတွင်လည်း အမှုဆောင်အဖြစ်ဆောင်ရွက်ခဲ့သည်။ စစ်ပြီးခေတ် ငြိမ်းချမ်းရေးအသင်းများတွင်လည်းကောင်း၊ မိတ်ဆွေဖြစ် အသင်းများတွင်လည်းကောင်း ဆောင်ရွက်ခဲ့သည်များကို အခြေခံကာ ယင်း "ပန်းနုရောင် နှစ်ကာလများ" ကို ရေးဖွဲ့မည်ဟု စိတ်ကူးမိခြင်း ဖြစ်ပေသည်။

နောက်ဆုံး ကျွန်တော် ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းမှာ ဖင်လန်မြို့တော် ဟယ်ဆင်စကီတွင် ဌာနချုပ်လုပ်ထားသော ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ၏ သဘာပတိအဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းခံရ၍ နောက်ဆုံး ဆောင်ရွက်ခဲ့သည်။ ဘူလ်ဂေးရီးယားပြည် ဆိုဖိယာမြို့တော်တွင်လည်းကောင်း၊ အီတလီပြည် ရောမမြို့တွင်လည်းကောင်း သဘာပတိအဖွဲ့ဝင် ဆွေးနွေးပွဲများပြုလုပ်၍ တက်သည်။ တစ်နှစ် အနည်းဆုံး နှစ်ကြိမ် လောက် ကျွန်တော့်ထံသို့ ဖိတ်စာနှင့်အတူ လေယာဉ်လက်မှတ်ပို့လိုက်သည်။ သို့သော် ကျွန်တော် မတက်ဖြစ်တော့။ ယင်းသည် ကျွန်တော်၏ ဘဝတစ်သက်တာတွင် အဖွဲ့အစည်းဖြင့် နောက်ဆုံး ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

## (၁)

## ကျွန်တော်ငယ်စဉ် ကျောင်းသားဘဝ ဆယ်ကျော်သက်အရွယ်

mgyoe.com

mgyoe.com



က အိမ်ကုပ်သူတစ်ယောက်။ အိမ်တွင် မယ်ဒလင်တီးသည်။ စန္ဒရားတီးသည်။ ပန်းချီရေးသည်။ စာဖတ်သည်။ ကဗျာနှင့်ဝတ္ထုများ ရေးသည်။ ဒီတော့ အပြင်ထွက်ရန် မရှိ။ ထိုအရာများသည် တစ်ယောက်တည်း လုပ်ရသော အလုပ်။ ကျွန်တော် စစ်ကိုင်းကျောင်းဆောင်သို့ ရောက်သောအခါ ကျွန်တော်၏စာရိတ္တသည်လည်း ပြောင်းလဲသွားသည်။ တကယ်ကတော့ "ကျောင်းဆောင်ဘဝသည် တက္ကသိုလ်၏ ဘဝတစ်စိတ်တစ်ပိုင်း"။ စစ်ပြီးခေတ်တွင် ပါမောက္ခချုပ် ဒေါက်တာ သာလှ၏စကားရပ်ကို ကျွန်တော် ကောင်းကောင်းနားလည်သွားရသည်။ ကျွန်တော်သည် ကျောင်းသားဘဝမှ စတင်၍ လူအများနှင့် ဆက်ဆံညှိနှိုင်းငြင်းခုံရသော၊ လူထုနှင့် ပတ်သက်သော အဖွဲ့အစည်းများတွင် ပါဝင်လျက် ရှိနေခဲ့သည်။ ယင်းအဖွဲ့အစည်းများတွင် ကျွန်တော်သည် ကြေညာချက်၊ ဖွဲ့စည်းပုံဥပဒေ စသည်တို့ကို ရေးသားခဲ့သည်။ ယင်း ကျွန်တော်၏ အများနှင့်ပတ်သက်သော နိုင်ငံရေး အတွေ့အကြုံများကို "ပန်းနုရောင် နှစ်ကာလများ" အမည်ဖြင့် ရေးသားမည်ဟု ဆုံးဖြတ်ခဲ့ရပေသည်။

(ဂ)

"ပန်းနုရောင် နှစ်ကာလများ" သည် ကျွန်တော် အရေးချင်ဆုံးသောစာအုပ် ဖြစ်သည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် တစ်ဝက်တစ်ပျက်နှင့် ရှိနေခဲ့ရသည်။ ယခု ယင်းစာအုပ်ကို ထုတ်ဝေသူ ရှိသောအခါ ကျွန်တော် ကျေနပ်မိသည်။ ဆက်လက်၍ရေးရန် ကျွန်တော့်စိတ်ထဲတွင်ပေါ်ပေါက်နေသည်။ ထိုအခါ ကျွန်တော်သည် ခံစားမှုဟူသော စကားကို သွား၍ သတိထားမိသည်။ ကျွန်တော်သည် ခံစားမှုရှိလျှင် ကဗျာရေးသည်။

ယခု "ပန်းနုရောင် နှစ်ကာလများ" စာအုပ်ထုတ်ဝေသူ ပေါ်လာ၍ ကျွန်တော် ကျေနပ်မိသည်။

ဒဂုန်တာရာ
၀၉-၀၄-၀၉

❒

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



## ပန်းနုရောင် နှစ်ကာလများ

* သမီးလေးမွေးနေ့
ခရမ်းနုရောင်သစ်ခွ ပင်စိမ်းပင်မြ
ချယ်ရီပေါက်စ မြတ်လေးပေါက်စ
သင်းပျံ့နှာဆွ ရနံ့မွှေးမြ
ပြင်သာကျောက်မှ ဆည်းလည်းသံချွင်ချွင်ခ
ဈေးပိတ်နေ့က ငါ့စာကြည့်ခန်းမှ
ကွီလေးမွေးနေ့ကျင်းပ ငါ့စာကြည့်ခန်းမှ
မီးလင်းဖိုဘေးက သခင်ကိုယ်တော်မှိုင်းရုပ်တု
သူ့နောက်မှ ကပ်လျက်နေရ
ငါ၏ဓာတ်ပုံနောက်က ဂျပန်ဒေါင်းရုပ်
နံရံတစ်ဖက်က လောကနတ်ရွှေချည်ထိုးပန်းချီကား
ငြိမ်းချမ်းရေးအမှတ်အသား စည်းစုပ်ခတ်ဟန်
နံရံတစ်ဖက်က မင်းသားမင်းသမီးကဟန်
အာရှပစိဖိတ် ငြိမ်းချမ်းရေးညီလာခံ
ပီကင်းသွားဓာတ်ပုံ စာအုပ်စင်များမှ
အက်ဆစ် အနဂ္ဂ ကက်ဆက်ခွေရစ်
ဟစ်အော်ပေါက်ကွဲ လူငယ်ပေါက်ခံစားမှု

mgyoe.com

mgyoe.com


ရယ်သံမောသံ ဆူညံပျော်ရွှင်
ဖွန်းသံပန်းကန်သံ တေးသံရောယှက်
အိပ်မက်ထဲကအဆိပ်တွေ ဦးနှောက်မှမရှိတာကိုး
ပွဲတင်သံများ ရိုက်ခတ်နေလေ၏

* စာကြည့်ခန်းနှင့်
ကပ်လျက်အခန်းမှ ငါ၏အိပ်ခန်း
စာကြည့်ခန်းမှ အပျိုမလေးများ
ပျိုမျစ်နုသစ် အချစ်လူငယ်များ
သူ့ခေတ်တေးသံ သူ့ခေတ်ခံစားမှု
ပေါ့ပါးမျှဝေ ရွှင်လန်းနေစဉ်
ငါလျှင် လန်းဆတ် ဆယ်ကျော်သက်နာရီပြန်လှည့်
ပန်းနုရောင် နှစ်ကာလများ

* သူတို့အရွယ်
ဆယ်ကျော်သက်နှစ် ၁၆ နှစ်တွင်
ကိုလိုနီခေတ် ကြုံဖြစ်ရကား
အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှု
ကျောင်းသားဘဝ သမိုင်းကဏ္ဍာ
ရေမွှေးဆွတ်သ မော်လမြိုင်ဇရပ်
ရွှေတိဂုံပစ္စယံ ရွှေရောင်ပြက်မှာ
ငါလျှင် သမိုင်းစခဲ့ရာ

* ရွှေချည်မျှင်ရက်
ပြိုးပြက်ပတ္တမြားရောင် ပန်းချီကားချပ်
စာအုပ်ထပ်တွေ တိပ်ခွေပြန့်ကြဲ
ပန်းပွင့်တွဲလောင်း ပန်းစိုက်ဖိတ်စဉ်
မွှေးယစ်ထုံသန်း မွှေးနေ့လန်းရွှင်
ကြည်ကြည်လင်လင် ငါလျှင်တွေးတော
လွတ်လပ်ရေးအကြောင်း မျိုးဆက်သစ်အကြောင်း

mgyoe.com

mgyoe.com

ပြန်ပြောင်းပေါ်ကာ ဆန်းသစ်လာသည်
ပန်းနုရောင်နှစ်ကာလများ

ဒဂုန်တာရာ
၁၆–၉–၂၀၀၂
ပြူတီးမဂ္ဂဇင်း၊ မတ်၊ ၂၀၀၃။

❐

mgyoe.com

mgyoe.com

# ပန်းနုရောင် နှစ်ကာလများ

(၁)

တစ်ခါက ဝန်ကြီးချုပ်တစ်ဦးနှင့် သူပုန်ခေါင်းဆောင်တစ်ဦးအား ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ သို့မဟုတ် နိုင်ငံရေးမှတ်တမ်း ရေးသားရန် တိုက်တွန်းဖူးသည်။

နိုင်ငံခေါင်းဆောင်နှင့် သူ့တိုင်းပြည်၏ ကံကြမ္မာသည် ဆက်စပ်နေသည်။

မြန်မာပြည်ဆိုလျှင် နိုင်ငံခေါင်းဆောင်အဖို့ လွတ်လပ်ရေးမရခင်က အမျိုးသားလွတ်လပ်ရေး တိုက်ပွဲအတွေ့အကြုံရှိမည်။ လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်အစိုးရ အာဏာရသောအခါ အုပ်ချုပ်ရေး အတွေ့အကြုံများ ရှိမည်။ သူ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် ယင်းအတွေ့အကြုံများ ပါရှိမည်။

နိုင်ငံတော်တစ်ခုကို ဦးစီးဆောင်ရွက်ရာ၌ တိုင်းပြည်က မသိရသော အတွင်းရေး အဖြစ်အပျက်များ ရှိတတ်စမြဲ။ ယင်းအတွင်းရေးမှုးကို ကျွန်တော် စိတ်ဝင်စားသည်။ ယင်းသို့သော နိုင်ငံခေါင်းဆောင်၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ သို့မဟုတ် နိုင်ငံရေး သတိရမှတ်တမ်းများမှာ နောင်တစ်ခေတ် လူငယ်များအတွက် ပညာယူစရာ အများအပြား ပါရှိမည်ဟု ထင်နေသည်။ စိတ်ဝင်စားစရာတစ်ရပ်သာမက တိုင်းပြည်ပျိုးထောင်ရေး၊ တည်ဆောက်ရေးတို့တွင် အကျိုးရှိမည့် စာအုပ်မျိုးဟုလည်း သတ်မှတ်ချင်သည်။ အထူးသဖြင့် လူထုလှုပ်ရှားမှုထဲမှ တက်လာသော ခေါင်းဆောင်အဖို့ သူ၏ နိုင်ငံရေးအတွေ့အကြုံများသည် နောင်လာမည့် လူငယ်မျိုး

mgyoe.com

mgyoe.com


အဆက်ဆက်များအတွက် တန်ဖိုးရှိပေမည်။

တစ်ဖန် ယင်းလူထုခေါင်းဆောင်သည် နိုင်ငံတော် အာဏာရရှိသော အဖွဲ့အစည်း၏ အကြီးအကဲအဖြစ် တိုင်းပြည်ကို အုပ်ချုပ်စီမံခန့်ခွဲရသောအခါ အတွေ့အကြုံသစ်များ ထပ်မံရရှိဦးမည်။ အာဏာမရခင် နိုင်ငံရေး အတွေ့အကြုံနှင့် အာဏာရလာသောအခါ အတွေ့အကြုံတို့သည် တူကြမည်မဟုတ်ပေ။ အာဏာမရခင်က သူသည် ထီးထမ်းလမ်းလျှောက်ကာ၊ ကျပ်တည်းပြွတ်သိပ်သော ဘတ်(စ်) ကားစီးကာ၊ တတိယတန်း ခရီးသည်အဖြစ် မီးရထားစီးကာ၊ လက်ဖက်ရည်ဆိုင်၌ သောက်၊ လမ်းဘေးထမင်းဆိုင်၌စားကာ လူထုခံစားမှုကို နီးကပ်စွာ ထိတွေ့ရင်း နိုင်ငံရေး လုပ်ခဲ့သူ ဖြစ်သည်။ အာဏာရလာသောအခါ သူ့ဘဝ ပတ်ဝန်းကျင်သည် ပြောင်းလဲသွားခဲ့လေပြီ။

ဝါးကြမ်းခင်းနေရာ၌ ကော်ဇောနီ၊ ကြိမ်ပေါက်ကုလားထိုင်နေရာ၌ ညှံ့နုအိထွေး ဆိုဖာ၊ စားတော်ပဲနှင့် နယ်ထားသော ထမင်းကြမ်းနေရာ၌ ကြက်ဥကြော်၊ ထောပတ်သုတ်၊ ပေါင်မုန့်နှင့် ဝက်ပေါင်ခြောက်ကြော်၊ ဇာခန်းဆီးနှင့် မှန်ကားသည် သူ၏ စံနေရာ။

ကျွန်တော့်မိတ်ဆွေ နိုင်ငံရေးသမားတစ်ဦး အင်္ဂလိပ်လက်ထက်က ပင်နီဖျင်ကြမ်း အပေါ်အင်္ကျီ၊ ချည်လုံချည် အမြဲဝတ်သည်။ သူသည် အလုပ်တစ်ခုဖြင့် ဝင်ငွေကောင်းလာသောအခါ အသွင်အပြင် ပြောင်းလာသည်ကို တွေ့ရသည်။ ရှူးဖိနပ်၊ ပိုးအပေါ်အင်္ကျီ၊ ဘန်ကောက်လုံချည်။

တစ်ခါက ကျွန်တော့်မှာ ကျောင်းသားဘဝ၊ နိုင်ငံရေးသမား သခင်များကို ကြည်ညိုသောအခါ ဖြစ်သည်။ ကျွန်တော့်စိတ်ကို သံသယစက်တစ်ခုက လာတိုက်သည်။ ဘယ့်နှယ်ပါလိမ့်။ ဩော်... ပုထုဇဉ် လူ့သဘာဝပေလား။ သို့သော် ရေစက်ကလေးမျှသာ။ ထိုအခါက ကျွန်တော့်စိတ်ထဲ၌ တက်ကြွနေသော အပူရှိန်က ထိုရေစက်ကလေးကို ဖုံးအုပ်ထားလိုက်၏။ ဒါ နိုင်ငံရေးနဲ့ မဆိုင်ပါဘူး။ ပုဂ္ဂလိကနဲ့ ဆိုင်တာ။ လူ့သဘာဝနဲ့ဆိုင်တာ ဖြစ်ပါလိမ့်မယ်လေ။

## (၂)

ထိုအခါက ကျွန်တော်သည် ပင်နီဖျင်ကြမ်း အပေါ်ဖုံးအင်္ကျီကို ဝတ်တတ်နေ၏။ နိုင်ငံရေးသမား သခင်များဝတ်သည်ကို သဘောကျနေခဲ့၏။ ကျောင်းဆောင်

mgyoe.com

mgyoe.com


သို့လာသောအခါ အမေက ကျွန်တော့်ကို သေတ္တာထဲ၌ ပင်နီတစ်ထည်မျှ ထည့်မပေး။ မန္တလေးပိုး၊ အယ်လပတ်ကားအနက်၊ သက္ကလတ် အပေါ်တိုက်ပုံ အင်္ကျီများသာ ထည့်ပေးလိုက်သည်။ ဆယ်တန်းကျောင်းသားဘဝကပင် ကျောင်းသုံး စာအုပ်၌ နာမည်ထိုးသောအခါ "သခင်ဌေးမြိုင်" ဟု ထိုးတတ်သည်။ သို့သော် တကယ်တမ်းကား ပိုက်ဆံတစ်မတ်ပေး၍ တို့ဗမာအစည်းအရုံးသို့ ဝင်သည်ကား မဟုတ်။ တရားဝင်ပါသည်ကား မဟုတ်။ သခင်များက ကျွန်တော့်ကို နာမည်ရှေ့က သခင်တပ်ခေါ်လျှင် ကျေနပ်နေမိသည်။ ကျွန်တော်သည် စကော့ဈေးထဲရှိ ဆော်လမွန် စတိုးဆိုင်သို့သွားကာ ပင်နီဖျင်ကြမ်း အပေါ်တိုက်ပုံ သွားချုပ်လိုက်သည်။ အင်္ကျီတိုင်းသူ ရေဝတီလုလင်ပျိုက ပိုးချည်ထိုး တက္ကသိုလ်တံဆိပ် ကုတ်အင်္ကျီများ ချုပ်နေသော ကျောင်းသားများထဲမှ မြင်းခြံမှလာသော ပင်နီကြမ်း ဖျင်စကို ကိုင်ကာ ငေးနေ၏။ သည်လောက်ကြမ်းတာ ဝတ်ချင်ရသလား။ ကျွန်တော်ပင် သူ့ထံတွင် သက္ကလတ်များ အပ်ဖူးသည်။ ပင်နီကိုမူ အမျိုးသားနေ့တွင် ဝတ်ရန်ဖြစ်သည်ကို သူမသိ။

နောက် နှစ်ပေါင်းသုံးဆယ်ကျော် ကြာသောအခါ ထိုနိုင်ငံရေးသမားသည် ရွက်သစ် ပွင့်သစ်နှင့် တွေ့ရသည်။ မှန်ကား အခဲ့စားကြီး၊ ဓာခန်းဆီး တလွင့်လွင့်နှင့်တိုက်တာ။ အဲသည်တော့ ဟိုကတည်းက ကျွန်တော့်စိတ်နှလုံးထောင့် တစ်နေရာ၌ ခိုကပ်နေခဲ့သော သံသယရေစက်သည် ပြန်လည် ရှင်ထကာ စီးဆင်းလာတော့သည်။ ဟိုတုန်းက တက်ကြွနေသော အပူရှိန်က ဖုံးအုပ်ထားလိုက်တာများလား။ ရေစက်ကလေးက မခန်းခြောက်သွားသေးဘဲကိုး။ သူ၏ အဆိုအမိန့် အနေအထားများ ပြန်ကြည့်တော့၊ အင်း... အာဏာလက်ကိုင်ရှိတဲ့ဘက်က အမြဲတမ်းပါနေတဲ့ ကိုယ့်လူပါကလား။ အဲ... အဲ... ဟုတ်ပြီ။ ဒါကြောင့်ကိုး။

ကျွန်တော်သည် စာအုပ်ပုံများကို မွှေနှောက်နေ၏။ ပင့်ကူအိမ်ထဲမှ စာအုပ်တစ်အုပ် ထွက်လာ၏။

ကျွန်တော်သည် စာအုပ်ပုံများကို ပုံထားတတ်သည်။ အဟောင်းများကော အသစ်များကော။ ကျွန်တော့်အခန်းသို့ အမှတ်မထင် ဝင်လာသောသူများက "ဟင်... စာအုပ်တွေ" ဟု အံ့သြသလို ပြောကာ ပြုံးသွားကြ၏။ တစ်လောကပင် နိုင်ငံခြားဧည့်သည်များက တမင်တကာ ကျွန်တော့်အခန်းကို ဝင်ကြည့်ကြသည်။ ဘာကြောင့်မသိ။ ဘယ်သူက ပြောလိုက်တာလဲ မသိ။ ကျွန်တော်က အခန်း အပြင်ဘက် ဧည့်ခန်းတွင် ရောက်နေ၍ သူတို့အမူအရာ မသိ။ သူတို့စကားသံကို မကြားမိ။ အခန်းထဲတွင်

mgyoe.com

mgyoe.com


ရှိနေသော ကလေးများက "ဦးလေး အခန်းကြည့်ပြီး ပြင်သစ်တွေက သဘောကျနေကြ တယ်" ဟု တစ်ယောက်က သတင်းပေးသည်။ အမှန်ကတော့ ပြင်သစ်မဟုတ်။ တစ်ယောက်က အဖုံးဖြူဖြူ အသစ်စက်စက် တစ်နေ့ကမှ ဝယ်လာသော စာအုပ်ပုံ အပေါ်ဆုံးတွင် အလွယ်တကူတွေ့ရသော မတ်အိန်ဂျယ် စာပေပေါင်းစုစာအုပ် ပထမတွဲကို ကြည့်ကာ ပြုံးနေကြသည်ဟု ပြောလိုက်သည်။ သူတို့ နိုင်ငံအစိုးရ၏ ဝါဒရေးရာ မြစ်ဖျားခံရာဖြစ်သောကြောင့် လေလား၊ ဘာလားမသိ။ အဖြူပေါ်တွင် ရွှေရောင်ဖြင့် ဂေါ်ကီ၏ ကိုယ်တစ်ပိုင်းပုံကို စိုက်ကြည့်ကာ အချင်းချင်း သဘောကျ သော အမူအရာဖြင့် စကားပြောနေကြသည်ဟု တူမငယ်တစ်ယောက်က သူမ၏ ထင်မြင်ချက်ကို ပြောပြနေသည်။ သူတို့ကျောပေးနေသော စန္ဒရားပေါ်ရှိ ထင်းရှူးပင် ရိပ်ဘေး၊ အာသောက ကျောက်တိုင်အပါးမှ မော်စီတုံးရုပ်ထုကို သွားမြင်ရင်ကား ဘာပြောမည်လဲ မသိ။

ကျောင်းဆောင်တွင် အတူနေခဲ့ဖူးသော ရှယ်တူမိတ်ဆွေကမူ ကျွန်တော့် အိပ်ခန်းထဲဝင်လာပြီး "ဟာ... ခင်ဗျားအခန်းက ကျောင်းတုန်းက အခန်းလေးလိုပဲ စန္ဒရားနဲ့ စာအုပ် ပြန့်ကျဲနဲ့ပါလား" ဟု သူ၏ခံစားမှုကို ဖွင့်ဟလိုက်သည်။ သူသည် စိန်ပန်းပင်ရိပ်ကို သွားအမှတ်ရကာ အိမ်လွမ်းသွားဟန်တူသည်။ ထိုအခါက ကံ့ကော် နုစ၊ ဖူးစ။ ကျွန်တော်လည်း သူ့လိုပါပဲ။ အမေ့အိမ် လွမ်းသွားသလား မသိ။ စန္ဒရားခုံသွားကာ ခလုတ်ဖြူများကို တစ်ချက်၊ နှစ်ချက် တို့ကစားကာ ရင်ထဲမှ လှိုင်းထ လာသော ဝေဒနာကို ဖြေသိမ့်လိုက်သည်။

စန္ဒရား၊ စာအုပ်ပုံ၊ လွန်ခဲ့သော နှစ် ၃၀ ကျော်ကတည်းက မခွဲခဲ့သော ချစ်သူများ။ ကျွန်တော့်မိတ်ဆွေကား တက္ကသိုလ်တွင်ပင် အလုပ်လုပ်နေသူဖြစ်သည်။ အားကစား အရာရှိ။ သူက အမှတ်တမဲ့ပြောပြီး ထွက်သွားခဲ့သည်။ ကျွန်တော့်မှာသာ မောလျကျန်ရစ်ခဲ့တော့သည်။

စန္ဒရား၊ စာအုပ်ပုံ။ သူ ဘာအဓိပ္ပာယ်နဲ့ ပြောသွားပါလိမ့်။ အရင် ငယ်ငယ် ကျောင်းသားဘဝတုန်းလိုပဲ ဘာမှမပြောင်းလဲနေတာကို ပြောတာလား၊ အကောင်းပြော တာလား၊ အဆိုးပြောတာလား။ သည်အရွယ်ရောက်လာပြီး ဘာမျှတိုးတက်လာတာ မရှိဟု မြင်လေသလား၊ ငယ်ငယ်က နုပျိုမှုကို ထိန်းသိမ်းထား နိုင်သားပဲဟုများ ပြောချင်သလား။ ကွန့်၍ပင် စိတ်ကူးနှင့် တွေးလိုက်မိသေးသည်။

တစ်ခါက တောထဲတွင်ရောက်နေသော သခင်သန်းထွန်းက သူ့အကြောင်း

mgyoe.com

mgyoe.com


ဖွဲ့ထားသော "အနီကို လေ့လာကြည့်ရှုချက်" အမည်ရှိ ရုပ်ပုံလွှာ စာတမ်းကလေးကို ဖတ်ပြီး ကျွန်တော်တို့လည်း ခင်ဗျားစာတွေဖတ်ပြီး ပြန်နုသွားကြတယ်ဟု ရေးလိုက်ဖူးသည်။ ကျွန်တော်၏ ဆောင်းပါးထဲတွင် ငယ်စဉ်က ပတ်ဝန်းကျင်ကို ဖွဲ့နွဲ့ထားရာ ငယ်စဉ်အကြောင်းမို့ နုပျိုသွားသော ခံစားမှုပေါ်လာတာဟု တွေးလိုက်သည်။ ယခုလည်း ကျွန်တော့်မိတ်ဆွေ၊ တစ်ကျောင်းဆောင်တည်းနေက အဲဒီခံစားမှုမျိုးပင် လေလား။

စန္ဒရား၊ စာအုပ်ပုံ။ စာအုပ်တွေက ကျွန်တော့်ကို ဘယ်လောက်နှိပ်စက်သည်ကို သူတို့ သိမှသိပါလေစ။ စန္ဒရားကတော့ တစ်မျိုး၊ လက်ချောင်းကလေးတွေ သန်အောင် လေ့ကျင့်ဆဲ၊ တီးလုံးသစ်တွေ ရှာရဆဲ။

## (၃)

စာအုပ်ပုံ ပင့်ကူမျှင်ထဲမှ စာအုပ်တစ်အုပ် ထွက်လာပေသည်။ စာအုပ်ကားတော်တော်ဟောင်းနေပေပြီ။ နဂိုက ဖက်ဖူးရောင်နုလေး ဖြစ်ပေသည်။ ယခုတော့ စက္ကူးဝါရောင် အိုအိုကလေး။ ဖျော့ဖျော့ကလေး။ နှစ်ကြာတော့ အပြာရိပ်များ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အစိမ်းနု၊ ဖက်ဖူးနု အသွေးများ မရှိတော့။ စွန်းပေနေသော အကွက်များက အညိုရောင်ဘက် သန်းနေလေပြီ။ အလင်းရောင်ဘက် ကျနေသောဘက်က အဝါရောင်လေး လွှမ်းနေသည်ကို မြင်ရသည်။ အနောင့်က အဖုံးစက္ကူမှာ စုတ်သွားပေပြီ။ အနားသတ်တွင် အစအန ဖတ်လတ်ကလေး ခိုကပ်နေသေးသည်။ သို့သော် ပိတ်စကလေးကတော့ ဇာပဝါလေးလို ကျန်ရစ်နေသေးသည်။ ကော်ကွာမသွားပေ။

ဖက်ဖူးရောင် စိမ်းဝါနုကလေးကိုတော့ အမှတ်ရနေသေးသည်။ ကျွန်တော့်ကို ပြောင်းလဲစေသော စာအုပ်တစ်အုပ်။ သေချာအောင် ကျွန်တော်သည် စာအုပ်အဖုံးကို ရင်ခုန်စွာဖြင့် လှန်ကြည့်လိုက်သည်။ ဟုတ်သားပဲ၊ သည်စာအုပ်ပါပဲ။ စာအုပ်အမည်ကို ဖတ်လိုက်သည်။ မတ်အိန်ဂျယ် မတ်ဝါဒဆောင်းပါးပေါင်းချုပ်၊ ရေးသူ လီနင်။ ပထမစာရွက်ထိပ်၌ မတ်ဝါဒ စာကြည့်တိုက် စာစဉ်ဟု စာအုပ်တိုက် ဇယားကို ထည့်ပြထားသည်။ စာအုပ်တိုက်အမည်ကတော့ လန်ဒန်၊ လော်ရင့်နှင့် ဝစ်စဟတ် ပထမပုံနှိပ်ခြင်း၊ ဆိုဗီယက် ဆိုရှယ်လစ် သမ္မတနိုင်ငံတော်များ ပြည်ထောင်စု ဒုတိယ ပုံနှိပ်ခြင်း၊ ဂရိတ်ဗြိတိန် ၁၉၃၆။ ဤအမည်နာမဖြင့်ပင် မတ်အိန်ဂျယ် လီနင်

mgyoe.com

mgyoe.com


သိပ္ပံကျောင်း၊ မော်စကို၊ ၁၉၃၂ ၌ ထုတ်ဝေခဲ့သည်ဟု မှတ်သားထားသည်။

ကျွန်တော်သည် နောက်တစ်ရွက် လှန်လိုက်သည်။ မင်ခိုရောင်ဖြင့် မှတ်ထားသော ကျွန်တော့်အမည်၊ စာအုပ်ဝယ်သည့် ရက်စွဲကို ဖတ်လိုက်မိသည်။ ဇွန်လ ၁၆ ရက်၊ ၁၉၃၈။ ကျွန်တော် ကျောင်းရောက်သည့်နှစ်ပဲ ထင်သည်။ ဩော်... နှစ်ပေါင်း သုံးဆယ်ကျော်၊ လေးဆယ်နီးပါး ကြာလှပြီကော။

ကျွန်တော့် နှိပ်စက်သည့်အထဲတွင် သည်စာအုပ်ပါသလား။

နံနက် နေရောင်သည် မှန်ပြတင်းမှဝင်ကာ ထိုးကျနေ၏။ သော်ကရန့်ကလေး ထုံယစ်လာ၏။ နေရောင်လင်းလာလေ ခန်းဆီးအဝါရောင်သည် ပို၍ ဝင်းပလာလေ။ နေရောင်သည် စာအုပ်ဟောင်းပေါ်၌ ဖြာဆင်းနေသည်။ သော်ကပင် အခက် အရွက်များမှ နီနေဝန်းသည် လွတ်သွားသောအခါ နေရောင်သည် စာအုပ်ပေါ် တည့်တည့်ကျလာသည်။ ဖက်ဖူးနုရောင်သည် ရေးရေးပေါ်လာပေပြီ။ နှစ်ပေါင်း ၃၇ ကျော်ကို ဖြတ်သန်းလာသော်လည်း ပျိုနုခြင်းသည် ပြန်လည်ပေါ်လာသည်။ အလင်းရောင်အားကြောင့် အပြာများ လွင့်ပြယ်သွားကာ စကားဝါရောင်သို့ လုသွားသော်လည်း နဂို ဖက်ဖူးနုသည် ထင်ရှားလာလေပြီ။ အတိတ်သည် ဟောင်းအိုသော်လည်း ပြန်လည်သစ်လန်းလာသည်။

ကျွန်တော်သည် စာရွက်များကို လှန်လှောကြည့်လိုက်သည်။ စက္ကူများသည် အနည်းငယ်မျှသာ ဝါသည်။ နွမ်းကြေမသွား၊ စုတ်ဖို့ ဝေးသေးသည်။ စက္ကူကောင်း ဖြစ်၍ သိပ်သည်းခိုင်မာသည်။ သည် မတ်အိန်ဂျယ် မတ်ဝါဒစာအုပ်ပုံနှိပ်ခြင်းမျိုး ပုံစံအမျိုးမျိုးဖြင့်ထွက်ခဲ့ကြပြီ။ ကျွန်တော်လည်း နောက်ထပ် အသစ်များ ဝယ်ခဲ့ဖူးပြီ။ စာလုံးပုံစံ ကွဲသည်။ အဖုံးပုံစံ ကွဲသည်။ အရောင်အဆင်း ကွဲသည်။ အဖုံးများက အနီရောင်၊ နီညိုရင့်များ များသည်။ သို့သော် အက္ခရာကတော့ သည်အက္ခရာ၊ ပြင်ဆင် ပြောင်းလဲသည်မရှိ။ နောက်ထပ် သန်းပေါင်း ဘယ်လောက် ရိုက်နှိပ်ကြသည်လည်း မသိတော့။ ဘာသာရပ် အမျိုးမျိုးဖြင့်လည်း ဘာသာပြန်ခဲ့ကြပြီ။ အင်္ဂလိပ်လိုသာမက တော့၊ အာရှ၊ အာဖရိက၊ လက်တင်အမေရိကတိုက်များက အက္ခရာများဖြင့် ပုံနှိပ်ကြ သည်မှာ ဘယ်နှသန်းရှိပြီကို မရေတွက်နိုင်၊ မသိနိုင်တော့။ ကျွန်တော့်စာအုပ်စင်၌ပင် နှစ်မျိုး၊ သုံးမျိုးထက် မကပြီလား မပြောတတ်။ နောက်ဆုံးတော့ အဖုံးအပြာနှင့် ကြွေရောင်ဝင်းပစ္စာ။

စာရွက်များကို လှန်လိုက်သောအခါ ခဲတံနီဖြင့် မျဉ်းသားထားသည်များကို

mgyoe.com

mgyoe.com


သွားတွေ့သည်။ နှစ်ကာလကြာပြီဖြစ်၍ အနီရောင်မျဉ်းသည် မှိန်ပျော့ကာ သိပ် ရဲရဲ မနီတော့။ တစ်နေရာ၌ ပန်းနုရောင်ပါးပါး၊ တစ်နေရာ၌ လိမ္မော်ရောင်ပါးပါးကလေး မျှသာ ထင်နေပါလေပြီ။

အဲသည်တုန်းက ကျွန်တော်သုံးခဲ့သော ခဲတံနီမှာ ဂျာမနီလုပ် ပယ်လီကင် ဖြစ်သည်ကို အမှတ်ရမိလာသည်။ ပယ်လီကင် ဘဲငန်းငှက်တံဆိပ် ဖြစ်သည်။ ထိုအခါ ကား ကျွန်တော်သည် ဂျာမနီလုပ် ပစ္စည်းများကို နှစ်သက်နေသောအခါ ဖြစ်သည်။ စာကြည့်စားပွဲအတွက် မီးတိုင်၊ မီးအုပ်မှာ ဂျာမနီလုပ် ငွေရောင် ဖောင်းကြွမီးတိုင်၊ ပိုးအမြိတ်ပန်းပွားနှင့် အုပ်ဆောင်းဖြစ်သည်။ ယနေ့ခေတ်တွင်ကား ဂျာမနီပြည်မှာ နှစ်ခြမ်းကွဲနေပေရာ စတိန်းဝေးအမည်ရှိ ဂျာမနီ စန္ဒရားလုပ်ငန်းမှာ ဂျာမနီပြည်၌ပင် မရှိတော့။ အမေရိကန်ပြည် ရောက်သွားပြီဟု ကြားရသည်။ စန္ဒရားဆိုလျှင် ဂျာမနီ လုပ်ကိုပင် အထင်ကြီးခဲ့သည်။ တစ်ကမ္ဘာလုံး ပြောင်းလဲနေပြီ မဟုတ်လား။ ယခုလည်း ကျွန်တော့်စားပွဲ၌ ပယ်လီကင် ကော်ဘူးကလေးသာ ရှိတော့သည်။ ကော်ဘူး ပလတ်စတစ်အဖုံး၌ ပယ်လီကင် ဘဲငန်းတံဆိပ်မှာ ယခင်ကဲ့သို့ပင် နှုတ်သီးကလေး အောက်စိုက်ကာ ဝမ်းဗိုက်နှင့် ထိနေ၏။ အလယ်ခေတ် ပုံပြင်ထဲ၌ ပယ်လီကင်ငှက် သည် သူ၏ဝမ်းဗိုက်ကို နှုတ်သီးဖြင့်ပေါက်ကာ ငှက်ငယ်ကလေးများအား သွေးဖြင့် ကျွေးမွေးပြုစု ပျိုးထောင်ပေးသည်ဟု ဖတ်ရဖူးသည်။ ဂျာမနီပြည်သည်လည်း ကမ္ဘာစစ် များ၌ သွေးယိုစီးခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ ဟစ်တလာလက်အောက် ဂျာမနီပြည်သည် သွေးများစွာ ယိုစီးခဲ့ရပြီးနောက် ယနေ့လူငယ်ပျိုနုသစ်များကို ပျိုးထောင်နေရဆဲပင် မဟုတ်လား။

ကျွန်တော်သည် စာရွက်လှန်လိုက်သောနေရာ၌ ပယ်လီကင်ခဲတံနီဖြင့် မျဉ်းသားထားသော စာကြောင်းများကို ကြည့်မိသည်။ စာမျက်နှာ ၈၅။ ခေါင်းစဉ် ကတော့ မတ်ဝါဒတရား၏ "သမိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု၏ ထူးခြားချက်များ အကြောင်း" တဲ့။ အနီရောင်ဖြင့် မျဉ်းသားထားသော စာကြောင်းများကား "မတ်ဝါဒ (သူ ရေးထားတာကတော့ အိန်ဂျယ်က သူ့အရေးအသားနှင့် သူ၏ကျော်ကြားသော သူ့မိတ်ဆွေ၏ အရေးအသားတို့ ကိုးကားပြီး ကျွန်ုပ်တို့၏ သင်ကြားဖော်ပြချက်များ သည်ဟု ဆိုထားသည်) သည် dogma (အများက တရားသေဟု ဘာသာပြန်ထား ပါသည်။ အတိအကျ မလွဲမသွေ လိုက်နာရန် သတ်မှတ်ထားသော တရားဟူ၍ အဓိပ္ပာယ်ရောက်သည်ဟု ထင်ပါသည်)။ မဟုတ်။ သို့သော် လှုပ်ရှားဆောင်ရွက်ရန်

mgyoe.com

mgyoe.com


လမ်းညွှန်ဖြစ်သည်” ဟူ၏။ ယခုအခါ အများသူငါ ပြောဆိုနေကြသော “မတ်ဝါဒသည် တရားသေ မဟုတ်။ အလုပ်၏လမ်းညွှန်” ဟူသော စကားရပ်၏ အင်္ဂလိပ်ဘာသာ မူရင်းစကား ဖြစ်သည်။

ယင်း စာကြောင်းများအောက်၌ လွန်ခဲ့သော အနှစ် ၃၀ ကျော် ၄၀ နီးပါးခန့်က ခဲတံဖြင့် မှတ်သားထားသည်ကို တွေးနေမိသည်။ အနီရောင်ကား ဟိုတုန်းကကဲ့သို့သော ပကတိ မနီတော့၊ ပန်းနုရောင်မျှသာ။ သဘာဝကျပါသည်။ ပန်းနုရောင်သည်လည်း သူ့အသွေးနှင့်သူ လှပနေသော အရောင်။

ကျွန်တော် ဘာကြောင့် ဤအပိုဒ် စာကြောင်းကလေးကို မျဉ်းသားထားခဲ့ပါလိမ့်။

ထိုအခါက ကျွန်တော်သည် အသက် ၁၈ နှစ်ခန့်သာ ရှိသေးသည်။ ကျောင်းသားပေါက်စ၊ ကဗျာလေး မတောက်တခေါက်ရေးစ၊ ဝတ္ထုလေး မတောက်တခေါက်ရေးစ၊ မတ်ဝါဒ၊ လီနင်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ စာအုပ်များ မတောက်တခေါက်ဖတ်စ၊ ထင်းရှူးပင်ရိပ်သို့ ခိုနားစ၊ ရိုတ်စပီးယား၏ ဂျူလီယပ်ဆီဇာ ပြဇာတ်ကို သဘောကျစ၊ အားလုံး အစအန...။

စာအုပ်များသာ အစအနမဟုတ်၊ အဖွဲ့အစည်းများ၌လည်း ဘယ်လို... ဘယ်လို... စန ပါဝင်နေမိသည် မသိတော့။ တကယ်က ကျွန်တော်၏စိတ်ရင်းမူလမှာ လူသူနှင့် ရောနှောစီးဝင်သောစိတ်၊ အဖွဲ့အစည်းစိတ်ဆိုပါတော့၊ ရှိလှသူမဟုတ်။ တစ်ကိုယ်တည်း၊ တစ်ယောက်တည်းသာ နေချင်သူ၊ ငွေလရောင်၌ တွေးတောငေးမောနေချင်သူ၊ (ကျောင်းသားဘဝတုန်းက ကိုအောင်ဆန်း၊ ကိုဗဆွေ စသူများက ကျွန်တော့်ကို အတွေးသမား၊ အငေးသမားဟု ခေါ်တတ်ကြသည်။ သူတို့ပြောတာ ဘယ်ဆိုးလို့လဲ) စကားနည်းသူ။ (ငယ်ငယ် ကျောင်းသားဘဝက ဆရာမက ကျွန်တော့်ကို အတန်းထဲ၌ သီလဝဟု အမည်ပေးထားဖူးသည်။ တော်တော် ကြီးလာမှ စကားပြောတတ်လာသည်)။ လူကြောက်သူ။ တကယ်က ကျွန်တော်သည် လူကြောက်သမား ဖြစ်သည်။ အကျဉ်းထောင်ထဲရောက်မှ သဘာဝများကို နားလည်လာမိသည်။ အကျဉ်းထောင်သည် ကျွန်တော့်အတွက် အဖိုးမဖြတ်နိုင်သော ပညာပေးရာနေရာ။ လူအကြောင်း စသိလာတော့ ပို၍ပင် ကြောက်လာမိသည်လားတော့ မသိ။ လူအကြောင်း မသိခင်တုန်းကလည်း မသိ၍ ကြောက်တာကတစ်မျိုး။

ယင်းသို့ ဘာမျှမသိသေးသော၊ အားလုံး အစအနသာရှိသောအရွယ်၌

mgyoe.com

mgyoe.com


ဤဖက်ဖူးစိမ်းနုရောင် စာအုပ်ထဲ၌ ဘာကြောင့် ဤစာကြောင်းများကို အနီရောင်မျဉ်းသားထားသလဲဆိုသည်ကို တွေးနေဆဲ။ သဘောကျလို့ပဲလား၊ နားလည်၍ပင်လား။

နေရောင်သည် စာရွက်ပေါ်၌ ဖြတ်သန်းထားသည်။ အနီရောင်မျဉ်းသည် တောက်ပနေ၏။ ပန်းနုရောင်၊ လှပသစ်လွင်သော ပန်းနုရောင်ပါတကား။

(၄)

တကယ်တော့ ထိုအခါက ကျွန်တော်သည် စာအုပ်ထဲက စကားလုံးများကိုသာ ကြုံတွေ့နေတာ ဖြစ်ပါလိမ့်မည်။ ဒါကတော့ မှန်းကြည့်မိတာ၊ အဝေးရောက်မှ ပြန်ကြည့်တာ၊ နားမလည်သေးလျှင် အဘိဓာန်ထဲ ရှာကြည့်သောအခါ စာအုပ်ထဲက စကားလုံးကို နားမလည်သေးလျှင် နောက်ထပ်၍ တစ်အုပ်ထဲတွင် ရှာဖွေ၊ နောက်တစ်အုပ်၊ နောက်တစ်အုပ်...။

ကျောင်းသားဘဝတုန်းက ကျွန်တော့်အခန်းထဲတွင် စာအုပ်ပုံများ ပို၍များလာတာ၊ ပို၍ ပြန့်ကျဲလာတာ မြင်ခဲ့သော မိတ်ဆွေက ယခု အနှစ် ၃၀ ကျော်ကြာလည်း စာအုပ်ပုံများကို တွေ့နေရသေး၍ သူက "ခင်ဗျားအခန်းက ကျောင်းတုန်းက အခန်းလေးလိုပဲ၊ စန္ဒရားနဲ့ စာအုပ်" ဟု ပြောသွားတာများလေလား။

စာအုပ်တွေကတော့ မတူတော့။ အရင်က စာအုပ်များ မဟုတ်တော့။ နည်းနည်းတော့ စာအုပ်ဟောင်းများ ရှိပါသေးသည်။ ဖက်ဖူးနုရောင် မတ်ဝါဒ စာအုပ်သာမကပါ။ ဂျာမန် စိတ္တဗေဒ ဆရာဖရိုက်၏ "ဆွေစု အမှတ်အသားနှင့် အရှောင်"၊ ပြင်သစ် အတ္ထုပ္ပတ္တိရေးဆရာ မော်ရိုင်၏ "ကဗျာဆရာ ရှယ်လီ၏ အတ္ထုပ္ပတ္တိ၊ ရိုတ်စပီးယားပြဇာတ်"၊ ပါမောက္ခ ပိုက်ဟက်၏ "အဘိဓမ္မာမပေါ်မီ" စသော စာအုပ်ဟောင်းများသည်လည်း ပင့်ကူမျှင်များဖြင့် ထွေးပတ်ရီဝေလျက်။

သို့သော် လူကြောက်သော၊ လူ့သဘာဝကို မသိသော၊ စကားမပြောတတ်သော ကျွန်တော်သည် ဘယ်ကြမ္မာ ဝင်လာသည်မသိ။ လူအများနှင့် ဆက်ဆံရသော အဖွဲ့အစည်းများ၌ ပါဝင် ဖွဲ့နောင်လာမိသည်။ ကျောင်းသားအဖွဲ့အစည်း၊ စာပေအဖွဲ့အစည်း၊ ယဉ်ကျေးမှုအဖွဲ့အစည်း၊ ငြိမ်းချမ်းရေးအဖွဲ့အစည်း၊ နိုင်ငံရေးအဖွဲ့အစည်း သက်သက်ထဲသို့ ရောင်နိုင်တိမ်းနိုင်၍ မပါဖြစ်၊ ဒီမိုကရေစီ အခွင့်အရေးကာကွယ်မှုကော်မတီဖွဲ့စဉ်က ကျွန်တော်ရှိ၏။ အမှုဆောင်ရွေးချယ်သောအခါ ကျွန်တော်

mgyoe.com

mgyoe.com


မပါခဲ့ပေ။ ၁၉၆၃ ပြည်တွင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလ၊ ပြည်သူ့ကော်မတီဖွဲ့စဉ်က ကျွန်တော့်အား တစ်နေရာ လျာထားသည်။ ကျွန်တော် မပါခဲ့။

၁၉၇၃ က ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ စာကြည့်တိုက် ပညာဌာနမှ ကျောင်းသားတစ်ဦးက သူ၏ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့အတွက် စာတမ်းရေးသောအခါ ကျွန်တော့်ထံ အကူအညီတောင်းဖူးသည်။ သူ၏ စာတမ်းမှာ "ဒဂုန်တာရာ၏ စာစုစာရင်း" ဖြစ်သည်။ ယင်း စာစုစာရင်း၏ မာတိကာ၌ ကျွန်တော်၏ ဘဝဖြစ်စဉ် နေ့စွဲများ ထည့်သွင်းရရာ ကျွန်တော့်ထံ အကူအညီ တောင်းခြင်းဖြစ်သည်။ ကျွန်တော်က ကျွန်တော်ရေးသော စာများ၏ စာရင်းဇယားအပြင် အဖွဲ့အစည်းဆောင်ရွက်မှုများပါ ထည့်သွင်းဖော်ပြပေးရသည်။

ထိုအခါကျမှ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် တူးဖော်တွေ့ရှိလာရတော့သည်။ ကျွန်တော်သည် ငယ်စဉ် ကျောင်းသားဘဝကတည်းက လူထုအဖွဲ့အစည်းများတွင် ပါဝင်လာတာပါတကား။

သို့သော် ကျွန်တော် နားမလည်တာ၊ အံ့သြတာ ရှိနေ၏။ ကျွန်တော်က လူကြောက်သူ၊ တစ်ကိုယ်တော် နေချင်သူ။ အဖွဲ့အစည်းဆိုတာက အများနှင့် ဆက်ဆံရ၊ ရောနှောရ။ အဖွဲ့အစည်းများ၌ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ စသော တာဝန်ယူရသောနေရာများ၌ ရောက်နေခဲ့သည်။ ကျွန်တော်နှင့်မသင့်သောနေရာများ မဟုတ်ပါလား။ ကျွန်တော့်သဘာဝနှင့် မကိုက်သောနေရာများ မဟုတ်ပါလား။

ဘာကြောင့်များ စာအုပ်ပုံနှင့် စန္ဒရားခလုတ်ထဲ၌ အေးအေး မနေရသလဲ။ ယခုလည်း စာအုပ်ပုံနှင့်စန္ဒရားက ရှိနေသားပဲ။ တော်တော် အနေမတတ်တဲ့လူပဲ။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်မိသည်။ အဖွဲ့အစည်းများ၌ (နောက်ပိုင်းတွင်) ပဋိပက္ခများစွာကို တွေ့ခဲ့ရသည် မဟုတ်ပါလား။

စာအုပ်ဟောင်းကလေးပေါ်မှ ပင့်ကူမျှင်သည် နေရောင်၌ လက်နေ၏။

ကျွန်တော်သည် စာရွက်ကို လှန်လိုက်မိပြန်သည်။ စာမျက်နှာ ၁၈၁။ ဟော... မျဉ်းအနီရောင် သားထားတာ တွေ့ပြန်ပြီ။

"နိုင်ငံတော် တည်ရှိသောအခါ နိုင်ငံတော်သည် ရှိတော့မည်" မဟုတ်တဲ့။ ကျွန်တော် ၁၈ နှစ်သားခန့်က မှတ်သားထားသောအကြောင်း။ အဲသည်တုန်းက နိုင်ငံတော်အကြောင်း ဘယ်လောက်များ သိလို့ပါလိမ့်။ ဘဝက အင်္ဂလိပ် လက်အောက်ခံ ကျွန်ဘဝ။ နိုင်ငံတော်ဆိုသည်မှာ စာအုပ်ထဲက စကားလုံး။ မထိဖူးသေး၊ မတို့ဖူးသေး။

mgyoe.com

mgyoe.com

သည်အကြောင်းက ဘုံဝါဒအကြောင်း ရှင်းပြထားသော စာပိုဒ်ထဲက။

နေရောင်သည် လင်းလာပြန်သည်။ ဖက်ဖူးနုရောင် စာအုပ်ပေါ်မှ ပင့်ကူမျှင်သည် ပန်းနုရောင် ဝင်းပနေ၏။ အတိတ်များသည် နုပျိုလာကြပေပြီ။

❒

mgyoe.com

mgyoe.com

# သစ်ရွက်တစ်ရွက်နှင့် သစ်တောစုံမြိုင်

(၅)

တကယ်က ငယ်စဉ်က ကျွန်တော် ဝါသနာပါသည်ကား ကျမ်းစာအုပ်များ မဟုတ်။ နိုင်ငံရေးစာအုပ်များလည်း မဟုတ်။ ကဗျာ၊ လင်္ကာ၊ ဝတ္ထု၊ ရာဇဝင်၊ ဗုဒ္ဓဝင်။ စာဖတ်ဝါသနာပါလာသည်ကား ကဗျာ၊ လင်္ကာ၊ ဝတ္ထုများဖတ်၍ ငယ်စဉ်က စာစရေးသောအခါ ကဗျာ၊ စကားပြေက စ,တာမဟုတ်။ စိတ်ကူးဖြင့် ခံစားမှုရသကို ဖွဲ့နွဲ့ခြင်းမျိုး။

လေးတန်းလောက်ကတည်းက စာဖတ်ခြင်းကိုမွေ့လျော်လာမိသည်။ စာဖတ်နေသည့်အခါ စာထဲတွင်သာ စိတ်အာရုံ ရောက်နေစမြဲ။ စာဖတ်နေစဉ် တစ်ယောက်ယောက်က စကားလာပြောလျှင်ပင် မကြိုက်။ လူနှင့်ဝေးသော နေရာသို့ သွားကာ စာဖတ်တတ်သည်။ ဝတ္ထုတစ်ပုဒ်၊ ရာဇဝင်တစ်ပုဒ် ပြီးဆုံးသွားပြီးမှ နေရာမှထသည်။ ညနေကျောင်းဆင်းချိန်တွင်လည်း အပြင်သို့ မထွက်၊ ကစားကွင်းသို့ မသွားဘဲ စာကြည့်စားပွဲ၌သာ ထိုင်နေမိသည်။ နောက် ပန်းချီနှင့် ဂီတဝါသနာပါလာသောအခါ၌လည်း ထို့အတူ အိမ်တွင်း၌သာ နေမိရင်း အများနှင့် ရောနှောဆက်ဆံသော ပြင်ပဘဝနှင့် ဝေးလာမိသည်။

တစ်ကိုယ်တော် ဇေစာဘဝသည် ခိုင်မာသည်ထက် ခိုင်မာလာလေသလား ဟု ငယ်စဉ်ကာလကို ပြန်လည်တွေးမိသောအခါ ပေါ်လာခြင်းဖြစ်သည်။ စာဖတ်ခြင်း

mgyoe.com

mgyoe.com


သည် တစ်ကိုယ်တည်းဘ၀ကို အားပေးလျက် ရှိနေပေသည်။ တစ်ကိုယ်တည်း နေဖန်များလာသောအခါ စကားနည်းလာဟန် ရှိသည်။ ကစားဖော်လည်း သိပ်မလို တော့။ စာအုပ်သည် အဖော်ဖြစ်နေတော့သည်။ နောက် တခြား အနုပညာရပ်များကို ဝါသနာပါလာသောအခါ စာအုပ်အပြင် စုတ်တံ၊ စန္ဒရား စသည်တို့လည်း အဖော်များ ဖြစ်လာကြသည်။

လူလားမြောက်စ ပြုလာသောအခါ လူသည် သူ့ပတ်ဝန်းကျင်ကို ခံစား ထိတွေ့သည်။ စူးစမ်းရှာဖွေ လေ့လာသည်။ ဤကား လူငယ်ပေါက်စတို့၏ သဘာဝ ဖြစ်ပေသည်။ ငယ်သေးသည့်အတွက် ခံစားထိတွေ့မှု၌ လူကြီးနှင့် သိပ်မခြား။ အာရုံ ရပ်များ၌ လူငယ်ကလေးများသည် လူကြီးနှင့်အတူပင် ပြည့်စုံသည်။ ခံစားသော အသိသည် အသက်ရင့်လာသည့်အလျောက် တဖြည်းဖြည်း ပွားများလာနိုင်သည်။ ကျယ်ပြန့်လာနိုင်သည်။ သို့သော် စူးစမ်းရှာဖွေမှုတွင်ကား လူကြီးလောက် အားကောင်း မည်မဟုတ်သေးပေ။ လူကြီးများကတော့ အသက်အရွယ် ကြီးပြင်းလာသည့်အလျောက် အတွေ့အကြုံက ထပ်ဆင့်ပွားများ ကျယ်ဝန်းကာ စူးစမ်းရှာဖွေမှု အားကောင်းလာနိုင် သည်။

လူငယ်ကလေးများက လူကြီးများကို မေးမြန်းလျှင် လူကြီးများက ကျကျနန လေးလေးစားစား ရှင်းပြသည်ကား နည်းပါးသည်။ ထိုအခါ စူးစမ်းလေ့လာသော လူငယ်ကလေးများအဖို့ စာအုပ်သည် အကောင်းဆုံးသော ပညာအဖော်ဖြစ်သည်။ စာအုပ်က ဘယ်မှထွက်မပြေး။ သိချင်သမျှ၊ စူးစမ်းချင်သမျှ စာအုပ်က အဖြေပေးသည်။ ရှင်းလင်းပြသည်။ မကြိုက်တာကို ပယ်လျှင်လည်း စာအုပ်ကတော့ မငြိုငြင်။ မကြိုက် တာကိုပယ်၍ ကြိုက်တာကို လက်ခံ။ သို့သော် စာဖတ်စ၌ကား စာအုပ်ထဲ ရေးထား သမျှကို အကုန်ကြိုက်နှစ်သက်တတ်သည်။ ဝေဖန်မှု၊ စိစစ်မှု မလုပ်တတ်သေး။ စာအုပ်ကိုလည်း အထင်ကြီးနေတတ်စမြဲ။ နောက် စာဖတ်သော အတွေ့အကြုံများလာ မှ၊ လူ့ဘဝအတွေ့အကြုံများလာမှ ဝေဖန်ဆန်းစစ်လာတတ်ပေမည်။

ကဗျာ၊ လင်္ကာများ ဖတ်သောအခါ စကားလုံး၏ အလှအန သိမ်မွေ့မှုများကို ခံစားလာတတ်သည်။ စကားလုံး၏ အမျိုးမျိုးသော အဓိပ္ပာယ်ကို ဖမ်းယူကောက် တတ်လာသည်။ စကားလုံးဖြင့် ဖွဲ့နွဲ့သော ခံစားမှုဝေဒနာ အမျိုးမျိုးကို ခွဲခြားတတ် လာသည်။ ကြမ်းရာမှ နုလာသည်။

ဝတ္ထုဖတ်သောအခါ မိမိ၏ပတ်ဝန်းကျင်က ကျဉ်းမြောင်းနေသေးသဖြင့်

mgyoe.com

mgyoe.com


လူ့သဘာဝအမျိုးမျိုးကို မတွေ့ကြုံရသေးသော်လည်း ဝတ္ထုထဲ၌ လူအမျိုးမျိုးကို တွေ့ရသည်။ သူနေသော ပတ်ဝန်းကျင်က လူတွေကို ဝတ္ထုထဲ၌ တွေ့ရလျှင်လည်း ပို၍ စိတ်ဝင်စားကာ စူးစမ်းလာသည်။ တယ်ဆန်းပါကလားဟု အံ့ဩလာမိသည်။ စာဖတ်စငယ်ငယ်က စုံထောက်ဝတ္ထုများကို ကြိုက်သည်၊ စွဲလမ်းသည်မှာ ဒါကြောင့် ဖြစ်မည်။

ဝတ္ထုဖတ်ရင်း ပတ်ဝန်းကျင်ကိုသတိမူမိလာသည်။ လူ့သဘာဝကို သတိမူမိလာသည်။ လူ့အဖွဲ့အစည်းကို စိတ်ဝင်စားလာမိသည်။ သို့သော် ဝတ္ထုဖတ်စ၌မူ စိတ်ကူးယဉ် ဝတ္ထုများကိုသာ ဖတ်၍ရသည်။ တကယ်ရှိသော လူများအကြောင်း၊ တကယ့် ပတ်ဝန်းကျင်အကြောင်းထက် တကယ်မရှိသော ပတ်ဝန်းကျင်နှင့် လူများအကြောင်း ဖွဲ့နွဲ့ထားသောဝတ္ထုများကို ပို၍နှစ်သက်မိသည်။ စာဖတ်သူ ကိုယ်တိုင် ဝတ္ထုထဲ ရောက်နေတတ်တော့သည်။

သို့နှင့် စာအုပ်ကို စွဲလမ်းလာမိသည်။ စွဲလမ်းလာလိုက်သည်မှာ ယနေ့တိုင်တော့သည်။ စာအုပ်များက နေရာအများကြီး ယူလာသည်။ တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့လျှင် စာအုပ်သယ်ရသော ဒုက္ခကမသေး။ အယူရလွယ်ကူလာအောင် စာအုပ်များကို စီရ၊ ခွဲရသည်မှာ အမော။ စာအုပ်ကို ကြွက်၊ ခြ၊ ပိုးဟပ်၊ ငွေရောင်ပိုးများက တိုက်ခိုက်သည်ကို ကာကွယ်ရသေးသည်။ သိမ်းရ ဆည်းရသည့်အထဲက စာအုပ်များ ခြစားလျှင်၊ စိုထိုင်း၍ မည်းကာ ရိသွားလျှင် စိတ်ထိခိုက်ရသေးသည်။ ထိုအခါများတွင် စာအုပ်တွေက ငါ့ဘဝကို ဘာများ အကျိုးပြုလို့လဲ၊ သိမ်းရတာ အလုပ်ပို၊ နှိပ်စက်နေတာပဲဟု ခံစားမိသည်။ ရုပ်အားဖြင့်ကား ဟုတ်သည်။ စိတ်ဓာတ်အားဖြင့်ကော နှိပ်စက်သလား။ စာအုပ်က အတွေးအခေါ်ကို ဖြောင့်မတ်စေတာ မဟုတ်လား။ တစ်ခါတစ်ခါလည်း စာအုပ်ထဲဖတ်ပြီး စိတ်ကူးခဲ့သမျှ တခြားစီ ဖြစ်နေတာက များနေတာပဲ မဟုတ်လား။ စာအုပ်ထဲတွင်ဖတ်ခဲ့ရသော စကားလုံးများ၏အဓိပ္ပာယ်မှာ နောင်တကယ်ဖြစ်လာသောအခါ တစ်မျိုးပါကလားဟု ဝေဖန်ဆန်းစစ်ကြည့်မိလာသည်။ စာအုပ်က မှားတာလား။ စကားလုံး အဓိပ္ပာယ်ကို မကောက်တတ်တာလား။ ဒါက နိုင်ငံရေး စာအုပ်များ။

လွန်ခဲ့သော ကာလကမူ သည်လို ခံစားရမှန်း မသိသေး။ စာအုပ်ဆိုလျှင် ငမ်းငမ်းတက် ဖတ်နေသောကာလ။ ကဗျာ၊ လင်္ကာ၊ ဝတ္ထုများကို စွဲလမ်းမက်မောနေသောကာလ။

mgyoe.com

mgyoe.com

(၆)

၁၉၃၈ ပတ်ဝန်းကျင် ရောက်သောအခါ စာဖတ်မှုတစ်မျိုးပြောင်းလာပေသည်။ ငယ်ငယ်ပေါက်စတုန်းကလို ကဗျာ၊ လင်္ကာ၊ ဝတ္ထုသာမကတော့။ ဆောင်းပါးများ၊ ကျမ်းစာအုပ်များ၊ နိုင်ငံရေးစာအုပ်များကိုပါ ဖတ်စပြုလာ၏။

တက္ကသိုလ် ရောက်သောအခါ ကျောင်းဆောင်တွင် ကျောင်းအိပ်ကျောင်းစားနေလိုက်သဖြင့် ဒေသစုံ၊ ပညာစုံ၊ ခံစားမှုစုံ ကျောင်းသားများအလယ် ရောက်သွားခဲ့သည်။ ငယ်ငယ်က တစ်ကိုယ်တည်းနေလာခဲ့ရသောဘဝကို ထိုးဖောက်လိုက်ခြင်းဖြစ်ပေသည်။ တစ်နည်းအားဖြင့် အတွေ့အကြုံ ကျယ်ပြန့်လာသည်ဟု ဆိုရပေမည်။

ကျွန်တော့်အခန်းသို့ ကျောင်းသားသစ်များဝင်ရောက်လာကြသည်။ အချင်းချင်း မိတ်ဖွဲ့ကြသည်။ ပထမတော့ မနေတတ်။ သံခုတင်ပေါ်တွင် လဲလျောင်းကာနေမိသည်။ အခန်းရှေ့ စင်္ကြံသွားလမ်း ကော်ရစ်ဒါမှ ဖိနပ်သံ တရှပ်ရှပ်ကို ကြားနေရသည်။ တစ်ကိုယ်တည်းမဟုတ်ဟူသော အသိကို ခိုင်မာလေးနက်စေသည်။ တချို့ကျောင်းသားများက ပျင်းနေသလားဟုဆိုကာ ကျွန်တော့်ထံဝင်လာ၊ စကားစမြည်ပြောကြသည်။ တစ်ယောက်နှင့်တစ်ယောက် ဒေသ၊ ဘာသာတွဲ စသည်များကို မေးကြမြန်းကြ၊ ရေချိုးခန်းဝင်သောအခါ တစ်ဖက်ရေချိုးခန်းမှ သီချင်းသံ တညည့် ကြားနေရသည်။ တချို့က လေးချိုးသဖြန်၊ တချို့က ကာလပေါ်၊ တချို့က အင်္ဂလိပ်သီချင်းလရောင်နှင့်အရိပ်။ ထမင်းစားခန်းထဲ ဝင်လိုက်သောအခါလည်း လူစုလူဝေးနှင့်စကားပြောသံများကြားထဲမှ။ စာသင်ခန်းများထဲ ဝင်ရောက်သွားသောအခါ ဂါဝန်၊ ဘောင်းဘီ၊ ချိတ်၊ ပိုးရောင်၊ ဖဲရောင်၊ စိန်ရောင်၊ မြရောင်များ ဒလဟော စီးဆင်းနေကြသည်။ လျှာဖျားသံ၊ အသံသြ၊ အနိမ့်အမြင့် အသံအမျိုးမျိုးကို ကြားနေရသည်။ သည်ကြားထဲတွင် ပင်နီရောင်ကား ဆန်းသစ်သော ပန်းပွင့်များပင်။

တစ်လလောက်ကြာသောအခါ ကျွန်တော်လည်း ပတ်ဝန်းကျင်နှင့် မစိမ်းတော့။ ငယ်ငယ်တုန်းကလို တစ်ကိုယ်တည်း မနေတော့။ မနေ၍လည်း မဖြစ်။ ငယ်စဉ်က အိမ်ထဲ ကုပ်နေ၍ရသည်။ သူငယ်ချင်းများနှင့် အပြင်ထွက်၍ မကစားဘဲလည်းနေ၍ရသည်။ အဖော်မလို။ ယခု ကျောင်းဆောင်ကျောင်းအိပ် ကျောင်းစားဘဝကားတစ်ကိုယ်တည်းဘဝမှ ရောနှောသောဘဝသို့ ပြောင်းလဲပေးလိုက်သည်။

သို့သော် ငယ်ငယ်က ဝါသနာဗီဇများကား ပြောင်းလဲမသွား။ စာဖတ်ကဗျာစပ် ဝါသနာပါမြဲ။ စာဖတ်ဝါရင့်သူများနှင့်တွေ့၍ စာဖတ်ရန် အားကျလာ

mgyoe.com

mgyoe.com


မိသည်။ မိမိဖတ်သောစာအုပ်နှင့် သူတို့ဖတ်သောစာအုပ်များ နှိုင်းယှဉ်မိကာ စာဖတ်ဝါသနာ ပိုအားကောင်းလာသည်။ စာစကား ပို၍ပြောဖြစ်လာသည်။ စာဖတ်သောအတွေ့အကြုံ ဖလှယ်ရ၍ စာပေဘက်တွင် ကျယ်ပြန့်လာသည်။ တစ်ယောက်တည်းဖတ်သည်ထက် မိမိ ဖတ်ပြီးသား၊ သူများဖတ်ပြီးသား ခံစားမှုများကို ဆွေးနွေးကြည့်လိုက်သောအခါ ပို၍ စာပေသဘောကို မြင်လာသည်။ စာဖတ်သောအခါမူ တစ်ယောက်တည်း။ ညဘက် လင်းအားကြီး ပို၍ ဖတ်ကောင်းသော အချိန်များဖြစ်သည်။

တစ်ယောက်တည်း နေခြင်းနှင့် အများတွင် ရောနှောခြင်းတို့ကို ဆက်စပ်တတ်လာသည်။ အမှန်အားဖြင့် ယင်းဘဝနှစ်ခုသည် မတူ။ ဆန့်ကျင်ကြသည်။ သို့သော်သူ့ကဏ္ဍနှင့်သူ ခွဲခြားလိုက်သောအခါ ပေါင်းစပ်မိသွားပေသည်။

အနီးအပါးတွင် တစ်ယောက်ယောက်ရှိလျှင် စာဖတ်၍ မဖြောင့်တော့ပေ။ တစ်ခါတစ်ရံ ကျွန်တော်သည် အခန်းတံခါးပိတ်၍ ဖတ်လေ့ရှိသည်။ တစ်ယောက်တည်းရှိလေ စာဖတ်၍ကောင်းလေ။ စာဖတ်နေစဉ် စာထဲစိတ်မရောက်လျှင် စာအုပ်ကိုချက်ချင်းချလိုက်သည်။ တခြားစာအုပ်ကို ကောက်ကိုင်သည်။ ဘယ်လိုမှ စိတ်မဝင်စားလျှင် မဖတ်တော့ဘဲ ထလမ်းလျှောက်လျှင် လျှောက်လိုက်သည်။

စန္ဒရားတီးချင်စိတ်က ပေါက်လာပြန်သည်။ ထိုအခါ မနေနိုင်တော့။ ကျောင်းဖွင့်ပြီး တစ်လ၊ နှစ်လလောက်ကြာသောအခါ ဝါဆို ၃ ရက် ကျောင်းပိတ်သည်။ ဝါဆိုရက် အိမ်ပြန်ပြီး ပြန်လာသောအခါ အခန်းသို့ စန္ဒရားကို ရွှေ့လာခဲ့တော့သည်။ စန္ဒရား အခန်းထဲထားသည်ကို တထူးတဆန်းဖြစ်နေကြောင်း နောင်သောအခါမှ သိရသည်။ တကယ်ကတော့ တထူးတဆန်းမဟုတ်။ တယောင် တဆောင်လုပ်ခြင်းလည်း မဟုတ်။ တူရိယာပစ္စည်းတစ်ခု အခန်းထဲထားခြင်းမျှသာ ဖြစ်သည်။ တယော၊ မယ်ဒလင် စသော တူရိယာပစ္စည်းထက် စန္ဒရားဆိုသော တူရိယာပစ္စည်းက ကြီးမားနေခြင်းသာ ဖြစ်သည်။

ဒုတိယနှစ်ဝက်ကုန် မတ်လ စာမေးပွဲနီးလာသောခါ လက်ထောက်အဆောင်မှူးက စန္ဒရားတီးချိန်ကို သတ်မှတ်ပေးလာသည်။ စာကြည့်သူများအား စန္ဒရားသံကြောင့် အနှောင့်အယှက် မဖြစ်စေလိုသောကြောင့် ဖြစ်သည်။ ကျွန်တော်က သတိမထားလိုက်မိပေ။ စန္ဒရားကို အိမ်ပြန်ပို့လိုက်လေသည်။ သည်ကစ၍ စန္ဒရားကျောင်းသို့ ယူမလာတော့ပေ။

mgyoe.com

(၇)

ကျွန်တော့်အခန်းကို ကျွန်တော့်အကြိုက် ပြင်ဆင်ထားလေ့ရှိသည်။ ပြတင်းပေါက်ကို ခန်းဆီးအပြာရင့် ကာလိုက်သည်။ ကြိုးတင်းတင်းသွယ်ထား၍ ခန်းဆီးစကို တွန့်နေအောင် လုပ်ထားသည်။ စားပွဲကိုလည်း စားပွဲခင်း ပန်းပွင့်များ ခင်းသည်။ ငွေရောင်ပန်းကြွများဖြင့် ပြုလုပ်ထားသော မီးတိုင်ကို ပန်းပွားတွဲလောင်း တဝေဝေနှင့် အစိမ်းနုရောင်ပိုးအုပ်ဆောင်းဖြင့် တပ်ထားသည်။ ကျွန်တော် အလှကြိုက်မှန်းသိ၍ မိခင်က တစ်ဖက်အစိမ်းရင့်၊ တစ်ဖက်အကွက် မီးခိုးရင့် ငွေရောင်လှိုင်း ကတ္တီပါစောင် ထည့်ပေးလိုက်သည်။

အများအားဖြင့် ကျောင်းသားများမှာ ပြတင်းကို ခန်းဆီးတပ်လေ့မရှိ။ တပ်သူရှိသော်လည်း နည်းသည်။ ကျွန်တော် စာဖတ်နေစဉ် စင်္ကြံလူသွားလမ်းမှ လူဖြတ်လျှောက်လျှင် အာရုံပျက်၍ ခန်းဆီးကာထားချင်သည်။ မျက်စိမှုန်သူဖြစ်၍ အပေါ်မှ အလင်းရောင်က အားနည်းသည်။ စားပွဲပေါ်တွင် မီးတိုင်ရှိက စာဖတ် စာရေးသော အခါ လင်းသောကြောင့် မီးတိုင်ထားခြင်း ဖြစ်သည်။ မီးတိုင်မီးအုပ်ဆောင်း ဝယ်လိုက်သောအခါ ကျွန်တော့်အကြိုက် လှလှပပကလေး ဝယ်လိုက်ခြင်းသာ ဖြစ်လေသည်။

တချို့ ကျောင်းသားများအမြင်တွင် ကျွန်တော့်အခန်း မြင်ကွင်းမှာ တဆောင်တယောင် မြင်နေဟန်ရှိသည်။ ယင်းကျောင်းသားထဲတွင် ကျွန်တော်နှင့် ခင်မင်သော၊ ကျွန်တော့်ထက်ကြီးသော ကျောင်းသားတစ်ဦးက ကျွန်တော့်ကို "ခနရှင်"ဟု နောက်ပြောင်ခေါ်လေ့ရှိသည်။ ထိုအခါ ၁၉၃၈–၃၉ ပတ်ဝန်းကျင်က ပေါ်ခါစ ဝေါဟာရ ဖြစ်သည်။ မတ်ဝါဒ၊ လီနင်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ သဘောတရားများ ပေါ်ထွက်ခါစ သုံးနှုန်းသော ဝေါဟာရသစ်တစ်လုံး ဖြစ်သည်။ ထိုကျောင်းသားမှာ ကျွန်တော်၏ အနေအထိုင်၊ အဆင်အပြင်၊ အဝတ် အစားကိုကြည့်ကာ "ခနရှင်" ဟု ခေါ်ဟန်ရှိသည်။ ကျွန်တော့်မှာ ကျောင်းသားဘဝက သက္ကလတ်၊ ပိုးအပေါ်ဖုံး၊ ပိုးလုံချည် စသည်များ အမြဲဝတ်ကာ ကျောင်းတက်လေ့ရှိသည်။

ပင်နီအင်္ကျီကို အစည်းအဝေး တက်သည့်အခါ စီတန်းလှည့်လည်ပွဲများ တက်သည့်အခါသာ ဝတ်လေ့ရှိသည်။ ထိုအခါက ကျွန်တော် တစ်ယောက်သာ မဟုတ်၊ တက္ကသိုလ်မှာ ပိုးရောင်၊ ဖဲရောင်၊ စိန်ရောင် တောက်ပနေသော တက္ကသိုလ် ဖြစ်သည်။ ကျွန်တော်က စိန်လက်စွပ်၊ ရွှေကြယ်သီး၊ မဟူရာလက်ပတ်ကြိုး စသည် များလည်း ဝတ်ဆင်ထားသည်။ ဘာရယ်မဟုတ်၊ အိမ်ကမိခင်က ဆင်ပေးလိုက်သော

mgyoe.com

mgyoe.com


အဝတ်အစားများ ဖြစ်သည်။ ထို့ကြောင့်ပင် ထိုကျောင်းသားကြီးက ကျွန်တော့်အား "ခနရှင်" ဟု ခေါ်တာ ဖြစ်ပေမည်။ ထိုအခါကမူ မတွေးမိပေ။ ယခုအခါ ကျွန်တော့်အား လက်ဝဲသမား ဘာညာဟု ရှုတ်ချပြစ်တင်သူ၊ မနှစ်သက်သူများမှာ ထိုအခါက ကျွန်တော့်အား "ခနရှင်" ဟု ခေါ်သည်ကိုများသိလျှင် သရော်ပြုံး ပြုံးမိကြပေမည်။ ဟုတ်လည်း ဟုတ်သည်။ သရော်စရာ။

အမှန်အားဖြင့် ကျွန်တော်သည် ၁၉၃၈ လောက်က ဆိုရှယ်လစ်ဝါဒ၊ မတ်ဝါဒ၊ လီနင်ဝါဒ ဆောင်းပါးတစ်စောင် ရေးဖူးသည်။ ထိုကာလ မတ်ဝါဒ ကျမ်းများကို လေ့လာခါစ ဖြစ်သည်။ တက္ကသိုလ်ရောက်သောအခါ ကျွန်တော်၏စာဖတ်မှုမှာ ကျယ်ပြန့်လာသည်။ မတ်ဝါဒ စာအုပ်များသာမဟုတ်၊ အခြား စာအုပ်များကိုလည်း ဖတ်နေခဲ့သည်။ စာဖတ်စဖြစ်၍ စွဲလမ်းခါစဟုလည်း ဆိုနိုင်သည်။ ဖတ်ပြီးလျှင် ဖတ်ထားသမျှကို မိတ်ဆွေအပေါင်းအသင်းများနှင့် ဆွေးနွေး ပြောဆိုချင်လာသည်။ ထင်မြင်ချက်၊ ခံစားချက်ချင်း ဖလှယ်ချင်သည်။ ထို့ကြောင့်လည်း စာဖတ်သူအချင်းချင်း အပေါင်းအသင်း ဖြစ်သွားတတ်သည်။ ယင်းသို့ဖြင့် ဝါသနာတူရာ၊ ခံစားမှုတူရာချင်း နီးစပ်သွားတတ်ခြင်း ဖြစ်ပေသည်။ တစ်ယောက်ချင်းအကြိုက်၊ တစ်ယောက်ချင်း ဝါသနာများတူရာ စုဝေးသွားမိခြင်း သဘောလည်း ဖြစ်ပေမည်။

ကျွန်တော် ပထမဦးဆုံး စရေးဖူးသော ဆောင်းပါး၏အမည်မှာ "ဘုံဝါဒ နှင့် စစ်မက်ရေး" ဟူသော ခေါင်းစဉ်အမည်ဖြင့် ဖြစ်သည်။ ၁၉၃၈ အောက်တိုဘာ လထုတ် ဒဂုန်မဂ္ဂဇင်း၌ ဖော်ပြခဲ့သည်။ မကြာသေးမီကမှ ဒဂုန်မဂ္ဂဇင်း အဟောင်းများ ထဲမှ တွေ့ရှိခြင်းဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်လည်း ဘယ်တုန်းက ရေးခဲ့သည်ကို မမှတ်မိတော့ပေ။ "လောကအမွန်" ဟူသောကဗျာမှာ ဒဂုန်မဂ္ဂဇင်း ၁၉၃၉ ဩဂုတ်လ ထုတ်တွင် ပါရှိသည်ကိုလည်း တွေ့ရှိရသည်။

ထိုအခါက ဆိုရှယ်လစ်ဝါဒရေးရာ သဘောတရားများ ပြန့်ပွားစခေတ်ဦး ဖြစ်၍ စကားလုံးများမှာ အတည်မဖြစ်သေး၊ အနည်မထိုင်သေး၊ ဝေါဟာရအဖြစ် မထူထောင်ရသေး။ ထို ၁၉၃၈ ပတ်ဝန်းကျင်က "ဘုံဝါဒ" ဟူသော ဝေါဟာရ သုံးနှုန်း လျက် ရှိနေသည်။ ယခုအခါမူ ထိုစကားလုံးမှာ မသုံးတော့သလောက် ဖြစ်နေပေပြီ။ ကျွန်တော်က ဆိုရှယ်လစ်ဝါဒအစား မြန်မာစကားလုံးသက်သက် "ဘုံဝါဒ" ဟု သုံးခြင်း ဖြစ်သည်။ ကျွန်တော့်မှာ မတ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ စာအုပ်များ ဖတ်စဖြစ်သည့်အတိုင်း လီနင်၏ "ဆိုရှယ်လစ်ဝါဒနှင့် စစ်" စာအုပ်ငယ်ကလေးကိုဖတ်ကာ ကျွန်တော်

mgyoe.com

 mgyoe.com 

နားလည်သလို တင်ပြထားသော ဆောင်းပါး ဖြစ်သည်။

ယင်းဆောင်းပါးအစ၌...

"ယနေ့ ကမ္ဘာပေါ်တွင် ဆိုရှယ်လစ်ခေါ် ဘုံဝါဒရှင်များနှင့် နိုင်ငံချဲ့ထွင်ရေး ဝါဒရှင်များသည် အတိုက်အခံဖြစ်နေကြသည်။ နယ်ချဲ့ထွင်ရေး ဝါဒရှင်များမှာ မိမိတို့ထက် အားငယ်သော တိုင်းပြည်များကို အဓမ္မ နှိပ်စက်ကလူပြုလိုသူများ၊ အင်ပါယာ ဖြန့်ဖြူးလိုသူများ၊ ဓနရှင်ကြီးများ၏ စက်ကွင်းရိပ်မကင်းသော အစိုးရများသာဖြစ်လေသည်"

ဟု စထားသည်။ နိဂုံးချုပ်အပိုဒ်၌...

"၁၇၈၉ မှ ၁၈၇၁ အထိ ဥရောပတိုက်တွင် ဖြစ်ပွားနေသော စစ်များမှာ ခေတ်ပြောင်းတော်လှန်ရေးစစ်များဖြစ်၏။ အလုပ်သမား ဆင်းရဲသား ပစ္စည်းမဲ့များသည် မိမိတို့ကို ဖိနှိပ်နေသော မြေရှင်များ၊ သက်ဦးဆံပိုင် အုပ်စိုးသော ရှင်ဘုရင်များ၊ ဘုန်းကြီးများကို ခုခံတော်လှန်ကြသည်။ ဆင်းရဲသားလောကသို့ ပြောင်းလဲပစ်သော ခေတ်ပြောင်း သူပုန်ကြီးများ၊ ဆိုရှယ်လစ်များက နှစ်သက်ကြလေသည်"

ဟု ဖော်ပြထားသည်။

စစ်နှင့် ငြိမ်းချမ်းရေး ပြဿနာကိုလည်း ကျွန်တော်၏ တင်ပြချက်တွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ ဆောင်းပါးအစ၌ "... နိုင်ငံချဲ့ထွင်ရေးဝါဒမှာ စစ်မက်ရေး သွေးထွက်သံယိုမှုဖြစ်လျှင် ဘုံဝါဒသည် ငြိမ်းချမ်းရေးဟု အဖြေထွက်ပြီးသား ဖြစ်နေ၏" ဟု ရေးသားခဲ့သည်။ ထို့နောက် ဆက်လက်၍ "လီနင်သည် စစ်မက်ရေးအား မုန်းထားသည် မှန်သော်လည်း အနိုင်အထက်ပြုနေသော သူဌေးကို ခံနေရသော အလုပ်သမားတို့က တော်လှန်စစ်တိုက်သော စစ်မျိုး၊ အဓမ္မ မတရား နှိပ်စက်နေသော မြေပိုင်ရှင်များကို လယ်သမားများက ခုခံတိုက်ခိုက်သည့် စစ်မျိုးကိုမူ သဘောကိုက်ညီလှလေသည်" စသည်ဖြင့် ဖော်ပြထားသည်။

တစ်နေရာ၌ "ငြိမ်းချမ်းရေးနှင်းဆီပွင့်ကြီးမှ စစ်မက်ရေးဆူးခက် အကြောင်း

mgyoe.com

mgyoe.com


များ၏ မတင့်တယ်ခြင်းတို့ကို လှပထွားကျိုင်းသောနှင်းဆီပွင့်က ဖုံးအုပ်ထားသည့် နည်းတူ ဘုံဝါဒတွင် သူ၏စစ်မက်ဝါဒကို ကောင်းမြတ်သော တစ်ခုတည်းသော ပြဋ္ဌာန်းချက် ငြိမ်းချမ်းရေးက လွှမ်းမိုးနေလေသည်"စသည်ဖြင့် ထိုအခါက ကျွန်တော်၏ လီနင်ဆောင်းပါးအပေါ် ခံစားချက်ကို ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ယင်းဆောင်းပါးကို ယခု ပြန်ဖတ်ကြည့်သောအခါ ဝေါဟာရ သုံးနှုန်းမှုများ၌ မတည်ငြိမ် မပီသခြင်း၊ အကျိုးအကြောင်း ဆက်စပ်မှု၌ သိပ်မရှင်းလှသေးခြင်း စသည်များ တွေ့ရှိရသော်လည်း ကျွန်တော်သည် လွန်ခဲ့သော အနှစ် ၃၇ ခန့်က ကျောင်းသားဘဝက လေ့လာစိတ်ဝင်စားနေခြင်းများကို သိရှိရသည်။

ထိုအခါက စာအုပ်စွဲလမ်းနေသောအခါ နိုင်ငံရေးစာအုပ်၊ သဘောတရား စာအုပ်များကိုပါ ဖတ်ရှုလေ့လာကာ စစ်နှင့် ငြိမ်းချမ်းရေး ပြဿနာကို စူးစမ်းကြည့်နေခြင်းဖြစ်မည်ဟု ယခု ပြန်၍ တွေးတောမိပေသည်။ ယခုတိုင်လည်း ကျွန်တော်သည် စစ်နှင့် ငြိမ်းချမ်းရေး ပြဿနာကို စိတ်ဝင်စားဆဲ။ ပြောင်းလဲခြင်း မရှိသေးပေ။

(၈)

နိုင်ငံရေး စာအုပ်များကို စမ်းကာ ဖတ်နေသော်လည်း နိုင်ငံရေးထဲတွင် ပါဝင်ရန် စိတ်မရှိ။ လေ့လာဆည်းပူးရန်သာ စိတ်က သန်နေခဲ့သည်။ ၁၉၆၃ ကျောင်းသားသပိတ်၊ ၁၉၃၈–၃၉၊ ၁၃၀၀ ပြည့် အရေးတော်ပုံများတွင် ပါဝင်ခဲ့သော်လည်း လူအုပ်ကြားထဲတွင်သာ လိုက်ပါချင်သည်။ လူထုလှုပ်ရှားမှုကို ထိတွေ့ခံစားချင်သည်။ သည်ထက်ပို၍ ရှေ့သို့ မတိုးချင်။ တက္ကသိုလ်သမဂ္ဂမှ အမှုဆောင်များ၊ ခေါင်းဆောင်များနှင့် ခင်မင်နေသော်လည်း အမှုဆောင်အဖွဲ့တွင် ပါဝင်ရန် စိတ်လုံးဝမရှိ။ ရှေ့တန်း မနေချင်။ နောက်ဆုံးခုံတွင် ထိုင်ကာသာ လေ့လာနေချင်သည်။ ခံစားနေချင်သည်။

ကျွန်တော့် တစ်ယောက်ချင်းသဘာဝအတိုင်း လွတ်လွတ်လပ်လပ် နေချင်သည်။ စာဖတ်၊ ကဗျာစပ်၊ တီးမှုတ်ကာ လသာလျှင် အင်းလျားကန်ပေါင် ရေစပ်၌ ထိုင်ကာသာ နေချင်သည်။ ကျွန်တော့်အကြိုက်၊ ကျွန်တော့်ခံစားမှုနှင့် ကျွန်တော်။ အရောင်အသွေး လှလှပပ၊ ရနံ့အမွှေးအကြိုင်တွင် အာရုံခံစားနေတတ်သည်။ လူအများနှင့်ရောနှောသော အဖွဲ့အစည်းမျိုးနှင့်လည်း ကျွန်တော်နှင့် ကိုက်မည်မဟုတ်သည်ကို ကိုယ့်ဘာသာကိုယ် သိနေသည်။

mgyoe.com

mgyoe.com


သို့သော် ကိုဗဟိန်း၊ သူငယ်ချင်း ကိုဗဟိန်း။ သူ့ကြောင့် ၁၉၃၉ က တက္ကသိုလ်သမဂ္ဂ အမှုဆောင်ထဲသို့ ရောက်သွားရသည်။ ကျွန်တော့်တွင် စာပေမိတ်ဆွေ၊ နိုင်ငံရေးမိတ်ဆွေများ ရှိနေသည်။ စာပေအပေါင်းအသင်းများတွင် နိုင်ငံရေးစကား သိပ်ပြော၍မရ။ နိုင်ငံရေးစကားဆိုသည်မှာ နိုင်ငံရေးစာအုပ်များ ဖတ်ပြီး အတွေ့အကြုံ ဖလှယ်တာမျိုး၊ အတွေးအခေါ် ဖလှယ်တာမျိုး သူတို့နှင့် သိပ်လုပ်၍မရ။ ကျောင်းသားသမဂ္ဂ အပေါင်းအသင်းများကျတော့လည်း စာပေစကား၊ အနုပညာစကား သိပ်ပြောမရ။ သို့သော် ကိုဗဟိန်းနှင့်ကျတော့ နှစ်မျိုး စလုံးရ၍ မကြာခင် လူချင်း ပိုမိုခင်မင်ရင်းနှီးသွားကြသည်။ အတန်းချင်းမတူ၊ သို့သော် တတွဲတွဲ။ ခံစားမှုချင်း နီးစပ်သည်။ အကြိုက်ချင်း နီးစပ်သည်။ လီနင်ဝါဒအကြောင်း ဆွေးနွေး၍ရသလို၊ မြဝတီမင်းကြီး ဦးစ၏ သီချင်းကြီးအကြောင်းလည်း ပြော၍ရသည်။ ကျွန်တော်ရေမွှေးဆွတ်လျှင် သူကလည်း တောင်းဆွတ်သည်။ ကျွန်တော်ရွေးသော လုံချည်အရောင်ကို သူကလည်း ကြိုက်နေ၏။ ဆွိဒင်ရုပ်ရှင်မင်းသမီး ဂရီတာဂါဘိုးကားသွားလျှင် သူကခေါ်၏။ ကျွန်တော်က ဂရီတာကို အသည်းစွဲ။ ဂျူဒီဂါလင် သီချင်းဆိုသောကားလည်း အတူ သွားကြည့်ဖြစ်ကြသည်။

၁၉၃၉ က ကျွန်တော်သည် ကျောင်းဆောင်၌ မနေ။ မြို့ထဲတွင်နေကာ နေ့ကျောင်းသားအဖြစ် ကျောင်းတက်သည်။ ကျွန်တော်၏ မိခင်မှာ မကျန်းမာ၍ ဆေးကုနေရာမြို့ထဲတွင် အိမ်ငှားကာ နေသည်။ မိခင်က ဆေးရုံတက်၊ ကျွန်တော်က မြို့ထဲက ကျောင်းတက်၏။ ပထမနှစ်ဝက် အလယ်လောက်တွင် တက္ကသိုလ်သမဂ္ဂ အမှုဆောင် ရွေးကောက်ပွဲလုပ်သည်။ ထိုနေ့က ကျွန်တော်သည် ခါတိုင်းလို တက္ကသိုလ်သမဂ္ဂကိုပင် မဝင်တော့ဘဲ စာသင်ခန်းမှ မြို့ထဲအိမ်သို့ တန်းပြန်လာသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော်သည် ကျွန်တော် မသိရဘဲ သမဂ္ဂအမှုဆောင်အဖွဲ့ဝင်ဖြစ်နေသည်ကို တွေ့ရတော့သည်။ အမှန်အားဖြင့် အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးကောက်ပွဲတွင် ပါဝင်လိုကြောင်း ကျွန်တော်က လက်မှတ် ရေးထိုးတင်ရမည်ဖြစ်၏။ ယခုကား ကိုဗဟိန်း၏ ထောက်ခံချက်ဖြင့် အဖွဲ့ဝင် ဖြစ်နေသည်။ လျှောက်လွှာလက်မှတ် ရေးထိုးတင်ခြင်းပင် မရှိပေ။ အတိအကျဆိုလျှင် တရားပင် မဝင်ပေ။ နောက်မှ လက်မှတ်ရေးထိုးရသည်။ သို့သော် ထိုအခါက သမဂ္ဂတွင် ကိုယ့်လူချည်း။

ကိုဗဟိန်းနှင့် တွေ့သောအခါ သူက ပြုံးကာ ကျွန်တော့်ကို ကြည့်နေ၏။
mgyoe.com

mgyoe.com


ကျွန်တော် လုပ်လိုက်တာဟူသော သဘော။

"ကျွန်တော် ဝါသနာလည်း မပါဘူးဗျာ၊ ကျွန်တော် အမှုဆောင်လောက် အထိလည်း မလုပ်ချင်ဘူး။ ခင်ဗျား သိသားပဲ။ ကျွန်တော်က ကဗျာစပ်၊ ဝတ္ထုရေး၊ စန္ဒရားတီး၊ ဟာ... ကျွန်တော်နဲ့ မကိုက်ပါဘူး"

ကျွန်တော်က ခါးခါးသီးသီး ပြောနေစဉ်...

"မရတော့ဘူး၊ အမှုဆောင်အဖွဲ့စာရင်း ကြေညာချက်တောင် ကပ်နေပြီ"

ဘေးကလူများက ကျွန်တော်တို့ နှစ်ယောက်ကိုကြည့်ကာ ပြုံးနေကြ၏။

"ဟုတ်တယ် မဖြစ်ပါဘူး၊ ကျွန်တော်က အေးအေး နေချင်တာ၊ စာဖတ်၊ ကဗျာရေး..."

"အဲဒါကြောင့် ခင်ဗျားထည့်တာပေါ့၊ အဲဒီလိုလူမျိုးကို ကျုပ်တို့က လိုချင်နေတာ"

အခြား လူများကလည်း ကိုဗဟိန်း လေသံအတိုင်း လိုက်ပြောကြသည်။ ဘယ်တုန်းက စည်းဝါးကိုက်ထားသည် မသိ။ ခင်ဗျားလို စာသမားမျိုး လိုချင်တာတဲ့။ ဘာတတ်နိုင်သေးလဲ။

သံဆန်ခါပေါက်ထဲမှ ကပ်ထားသော ကြေညာချက်စာရင်းကို ဖတ်ရင်း ကျွန်တော်သည် ရင်ခုန်နေသည်။ အတွင်းစိတ်ထဲက ငါ မကိုက်ပါဘူးဟု ငြင်းဆန်နေ၏။ တစ်ယောက်ချင်းခံစားမှုနှင့် အဖွဲ့အစည်း အသင်းအပင်း မည်သို့ ပေါင်းစပ်ရမည်လဲ။ ကျွန်တော့်ဘဝအတွက် အပြောင်းအလဲဖြစ်စေသော ကဏ္ဍတစ်ခု။

သို့သော် ကိုဗဟိန်းကတော့ ကျွန်တော့် ခပ်ငိုင်ငိုင် အမူအရာကို ကြည့်ကာ ပြုံးနေပေသည်။ သူ၏ ချစ်စဖွယ်အပြုံးကို ကျွန်တော် မခံနိုင်တော့...။

(၉)

ကျွန်တော် ငိုင်နေသည်ကို ကိုဗဟိန်းက ပြုံးနေသည်။ အနီးရှိ အမ်ဘီဘီအက်စ် နောက်ဆုံးနှစ် ဆေးသိပ္ပံကျောင်းသား ကိုလှရွှေကတော့ ကျွန်တော်တို့နှစ်ယောက် အမူအရာကိုကြည့်ကာ ရယ်မောနေ၏။

ကိုဗဟိန်းမှာ အသားဖြူဖြူ၊ ဆံပင်ကောက်ကောက်၊ ပိုးလုံချည်အဆင် လှလှ၊ အသွေးနုနု ဝတ်တတ်သည်။ ကြည့်ကောင်းသည်။ ချစ်စရာရုပ်သွင်။ ပြုံးသော အမူအရာက ထူးခြားသည်။ အင်္ဂလိပ်စာ ပါမောက္ခချုပ်က သူ့ကို "ချစ်ဖို့ကောင်းတဲ့

mgyoe.com

mgyoe.com


လူငယ်လေး” ဟု ဆိုသည်။ ကိုဗဟိန်း၏ အပြုံးမှာ ကြည်ဝင်းရွှန်းပနေ၏။ အရပ်ကတော့ ခပ်ပုပု။

ကိုလှရွှေကတော့ အရပ်ရှည်ရှည်၊ အသားမည်းမည်း။ ကော်ကိုင်းမျက်မှန်နှင့်။ ဆံပင်ကတိုတို၊ ခေါင်းတုံးဆံတောက်။ ၁၃၀၀ ပြည့် အရေးတော်ပုံခေတ်ကာလ ၁၉၃၉ ပတ်ဝန်းကျင်က “အာဏာရှင် လှရွှေ” ဟု သတင်းစာများတွင် နေ့တိုင်း မျက်နှာဖုံးသတင်း၌ ဓာတ်ပုံပါနေရာ သူ၏ ခေါင်းတုံးဆံတောက် ဖက်ရှင်ဖြင့် လူငယ်များ ခေါင်းတုံးဆံတောက်လိုက်ညှပ်ကြသည်ကို မှတ်မိသေးသည်။ ဝတ်လိုက်လျှင် လုံချည်အရောင်ရင့်ရင့်။ ကြေးနီရောင်အရင့်၊ နက်ပြာအရင့်။ အပေါ်ကတော့ ပင်နီဖျင်ကြမ်း၊ ရှပ်အင်္ကျီရော၊ အပေါ်တိုက်ပုံရော။ မျက်နှာထားက ကိုဗဟိန်းလို ပြုံးပြုံးချိုချို မဟုတ်။ ခပ်တည်တည် ခပ်တင်းတင်း။ သို့သော် ဟာသရှိသည်။ ရယ်စရာရှိလျှင် လွတ်လွတ်လပ်လပ် ရယ်လေ့ရှိသည်။ သူတို့နှစ်ယောက်စလုံး ကျွန်တော့်ထက် လေးငါးခြောက်နှစ်ခန့် ကြီးကြသည်။ ကိုဗဟိန်းကတော့ ကျွန်တော့်ကို ရွယ်တူလို ပေါင်းသည်။ ကိုလှရွှေကမူ စလေ့နောက်လေ့ရှိသည်။

ထို ပညာရေးပြက္ခဒိန်နှစ် ၁၀၃၉–၄၀ က ကိုလှရွှေက တက္ကသိုလ် သမဂ္ဂ၏ ဥက္ကဋ္ဌ။ ဒုတိယ ဥက္ကဋ္ဌနှင့် ငွေထိန်းမှာ ကျောင်းဖွင့်စ တစ်လလောက်ကြာသော် ရွေးကောက်ပွဲ ပြီးသွားသည်။ ဒုတိယဥက္ကဋ္ဌမှာ ကိုကျော်မြင့်၊ ဘီအေအောင်ပြီး ဥပဒေတန်းတက်နေသူ။ သူသည် စောင်းကောက်လည်း တီးတတ်သူ ဖြစ်သည်။ ဖဆပလခေတ်က ဖဆပလအစိုးရ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး။ ငွေထိန်းက မစ္စတာတီပီဝမ်း။ သူလည်း ဥပဒေတန်းတက်နေသူ။ ယခု ရှေ့နေ။ သမဂ္ဂစည်းမျဉ်း ဥပဒေအရ ငွေထိန်းမှာ ဘွဲ့ရပြီးမှသာ ဝင်ရောက်အရွေးခံနိုင်ခွင့်ရှိပေသည်။ သူသည် ကျောင်းတက်လျှင် အနောက်တိုင်းဝတ်စုံနှင့် ဖြစ်သည်။ ထိုခေတ်က အနောက်တိုင်းဝတ်စုံနှင့်၊ ဂါဝန်နှင့် ကျောင်းတက်သူ များစွာရှိကြသည်။ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ငွေထိန်း ရွေးကောက်ပွဲ ပြီးသောအခါမှ ကျွန်အမှုဆောင်အဖွဲ့ဝင်ခြောက်ဦး၏ ရွေးကောက်ပွဲ ဆက်လက်ကျင်းပရမြဲ။ ကျွန်တော့်မှာ အမှုဆောင်အဖွဲ့ဝင်ခြောက်ဦးထဲ၌ ပါဝင်နေခြင်း ဖြစ်သည်။ အမှုဆောင် ရွေးကောက်ပွဲ လုပ်စရာမလိုတော့။ ၁၃၀၀ ပြည့် အရေးတော်ပုံပြီးသောအခါ တက္ကသိုလ် သမဂ္ဂမှာ ပို၍ အားကောင်းလာသည်။ ဆန့်ကျင်ဘက် အင်အားစုလည်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ ယခုနှစ်ကား ယှဉ်ပြိုင်မည့်သူ မရှိသဖြင့် ကျွန်တော့်မှာ ကိုဗဟိန်း အပါအဝင် ကိုယ့်လူရင်းများ၏ မ စမှုဖြင့် အမှုဆောင်အဖွဲ့ဝင် ဖြစ်သွားရပေပြီ။

mgyoe.com

mgyoe.com


ကိုလှရွှေကတော့ အရယ် အတောမသတ်။

သူက ကျွန်တော်၏ ငိုင်နေသော အမူအရာကို ကြည့်ကာ ရင်းနှီးသော လေသံဖြင့်...

"တယ်ရှော်တဲ့ လူပဲ၊ ခင်ဗျား အမှုဆောင်စာရင်းထဲ ပါနေပြီဗျ။ ခုမှ ဂျီး(ကြေး) များနေသေးသလား"

ကိုလှရွှေမှာ ကျွန်တော်နှင့် ခင်မင်နေသူ ဖြစ်သည်။ ကျွန်တော်က...

"ကျွန်တော်နဲ့ မဖြစ်ပါဘူး၊ ကျွန်တော်က ကဗျာစပ်ချင်နေတာ" ဟုဆိုသော အခါ...

"အဲဒီလိုလူမျိုးကို ကျုပ်တို့က လိုချင်နေတာ၊ ခင်ဗျားလို စာသမားမျိုး လိုချင်နေတာ" ဟု ပြောသူကား ကိုလှရွှေ။

ကျောင်းရောက်စကတည်းက သမဂ္ဂ၌ဆုံကြရင်း ခင်မင်ရင်းနှီးသွားခဲ့သည်။ တစ်နယ်တည်း တစ်နယ်သားချင်း။ ကျောင်းပိတ်အိမ်ပြန်လျှင် တစ်သင်္ဘောတည်း ဆုံမိတတ်ကြသေးသည်။ သူ၏အစ်ကို သခင်လှဖေ (ဗိုလ်လကျ်ာ)နှင့်ကတော့ ၁၉၃၆ သပိတ်ကတည်းက သိခဲ့သည်။ ကျွန်တော်တို့ ကျိုက်လတ် အမျိုးသား အထက်တန်း ကျောင်း သပိတ်မှောက်ရန် စည်းရုံးဖို့ ဖျာပုံမှ ကိုလှဟန် (ယခု နိုင်ငံတော်ကောင်စီဝင် ဒေါက်တာလှဟန်)လည်း သပိတ်မှောက်ကောင်စီဝင် ကိုလှဖေနှင့် အတူပါလာသည်။ ကိုလှဖေကတော့ ကိုလှရွှေလို အသားမမည်း၊ စကားပြောပုံချင်းတူသည်။ "ဟုတ်ကဲ့" ဟူသော စကားလုံးကို လေးလေးပီပီ ပြောတတ်ကြသည်။ သူလည်း ကိုလှရွှေကဲ့သို့ပင် ဟာသရှိပြီး လွတ်လပ်စွာ ရယ်မောတတ်သည်။

အစိမ်းပုပ်ရောင် သက္ကလတ် ခန်းဆီးအပါးရှိ မှန်တံခါး၌ လူရိပ်များ ထင်လာသည်။ အမှုဆောင်အဖွဲ့ဝင် တချို့နှင့် မိတ်ဆွေများ ဝင်လာကြသည်။

သည်နှစ်က အမှုဆောင်အဖွဲ့ဝင်ခြောက်ဦး။ မြောင်းမြမှ မစ္စတာ အယ်(လ်) လတိ(ဖ်) (နောက် ဖဆပလ အစိုးရတွင် တရားရေးဌာန ဝန်ကြီး ဦးခင်မောင်လတ်) သူက အလေးမသမား၊ သမဂ္ဂအမှုဆောင်ထဲ၌ တာဝန်ခွဲဝေသောအခါ အိမ်တွင်း ကစားရေးမှူး။

ကိုဘကလေး၊ သူက ကျောင်းကုန်းမှ။ အသံခပ်သြသြ၊ အသားက ဖြူဖြူ၊ လူပုံက ခပ်ချောချော၊ ကျွန်တော့်ထက် အသက်နည်းနည်းကြီးမလား မသိ။ ထိုနှစ်က သူက အထွေထွေအတွင်းရေးမှူး။ အထွေထွေအတွင်းရေးမှူးကို အမှုဆောင်အဖွဲ့ဝင်

mgyoe.com

mgyoe.com

များထဲမှ ရွေးချယ်ရသည်။ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ ဆုံးဖြတ်ရွေးချယ်ရသည်။ ၁၉၄၀ ပတ်ဝန်းကျင်လောက်က "ဘာလဲဟဲ့ ဖက်ဆစ်" အမည်ရှိ စာအုပ် ရေးထုတ်ဖူးသည်။ စစ်ပြီး ဖဆပလ အစိုးရခေတ်ကျတော့ ကုန်စည်ဖြန့်ဖြူးရေး၊ ကုန်သွယ်ရေး မင်းကြီးအထိ ဆောင်ရွက်သည်။ စာပေ ဝါသနာပါသူ၊ ကျွန်တော်တည်းဖြတ်သော အိုးဝေမဂ္ဂဇင်းတွင် တက္ကသိုလ် မောင်တင့်တယ် အမည်ဖြင့် ရသစာပေရေးသည်။ သူ့ဝတ္ထုအမည်က "ဩော်... မကြည်မြ... မကြည်မြ" သူ၏ဝတ္ထုအစတွင် ကောင်မလေးက သူ့ချစ်သူကို စာရေးရာ၌ "မိကိုကို"ဟု ခေါ်ထားသည်ကို ကျွန်တော် သဘောကျနေခဲ့၏။

ဘီအက်(စ်)စီ အင်ဂျင်နီယာကျောင်းသား ကိုသိန်းမောင် (နောက်ခေတ်တွင် ဗိုလ်မှူးကြီး) သမဂ္ဂတွင် တက္ကသိုလ်များ ဆက်သွယ်ရေးမှူး တာဝန်ယူသည်။ သူက အသားညိုညို၊ စကားနည်းသူ။ သူလည်း ရသဆန်ဆန် စာရေးချင်သူ။ အိုးဝေမဂ္ဂဇင်းတွင် မောင်သိန်းနွယ် ကလောင်အမည်ဖြင့် ဆောင်းပါးများ ရေးသည်။ သူနှင့်ကား ကျောင်းမှထွက်ကတည်းက တစ်ခါမှ မတွေ့မိတော့။

ကိုတင်အောင် (ယခု ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ဝင် ဦးတင်အောင်ဟိန်း) သူက အသားညိုညို၊ ခပ်ပိန်ပိန်ပါးပါး စာဖတ်ဝါသနာပါသည်။ သူနှင့် စာစကား ပြောရ၍ရသည်။ သူလည်း ရသစာပေ ဝါသနာပါသည်။ အိုးဝေမဂ္ဂဇင်း၌ "သစ်ရွက်ကြွေတော့" ဟူသော ကဗျာဟန် စကားပြေရေးသည်။ တဂိုးဟန်မျိုး။ "သစ်ရွက်ကြွေတော့"က ကျွန်တော်ပေးသော နာမည်။ ထိုနှစ်က ကျွန်တော်သည် အိုးဝေမဂ္ဂဇင်း မြန်မာစာကဏ္ဍ စာတည်းလည်း တွဲ၍လုပ်ရလေရာ သူတို့စာများကို ရွေးချယ် ထည့်သွင်းခွင့်ရသည်။ သူက သမဂ္ဂတွင် သတင်းပြန်ကြားရေးမှူး တာဝန်ယူရသည်။

ကိုဘစံ၊ သူက အသားဖြူဖြူ ချောမောလှပသူ။ သူက ရခိုင် အမျိုးသား ဖြစ်သည်။ သူသည် အိုးဝေမဂ္ဂဇင်း အင်္ဂလိပ်စာတည်းအဖြစ်လည်း တွဲဖက် တာဝန်ယူရသည်။ အင်္ဂလိပ်ဘာသာဖြင့် စာပေ၊ နိုင်ငံရေး ဆောင်းပါးများ ရေးသည်။

ကိုမြတ်စော၊ သူက ယုဒသန်ကောလိပ်မှ ရခိုင်အမျိုးသား၊ ဓနဗေဒ ဂုဏ်ထူးတန်းကျောင်းသား။ အိုးဝေမဂ္ဂဇင်းကဏ္ဍ အထွေထွေ အယ်ဒီတာ တာဝန်ယူရသည်။ အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများရေးသည်။ ကျောင်းမှထွက်ကတည်းက သူနှင့် မတွေ့တော့။

ဥပဒေတန်းသား ကိုသက်ဖေ၊ သူက စာကြည့်တိုက်မှူး တာဝန်ယူသည်။

mgyoe.com

mgyoe.com


သူနှင့်လည်း တစ်ခါမှ မတွေ့တော့။ သူက ထားဝယ်မှ။ အားလုံးလိုလို ကျွန်တော့်ထက် အသက်ကြီးကြသည်ဟု ထင်သည်။ တချို့လည်း သိပ်မကွာ။

ထိုကာလက ရေတွက်လျှင် နှစ်ပေါင်း ၃၀ ကျော် ၄၀ နီးပါး ကြာပေပြီ။ ရာဇဝင်ခေတ်များကလည်း အမျိုးမျိုး ပြောင်းသွားကြပေပြီကော။ ယခုအခါ လုပ်ဖော်ကိုင်ဖက်များစွာ အနေအထား အမျိုးမျိုးတွင် ရှိနေကြသည်။ တချို့လည်း ဘာသံမျှမကြားရတော့။ ရာထူးရာခံရှိသူများနှင့်ကား သံရုံးဧည့်ခံပွဲ ကော်ဖောနီပေါ်တွင် တစ်ခါတစ်ရံ ဆုံမိကြသည်။ တချို့နှင့်ကား လမ်းဘေးပလက်ဖောင်းတွင် တိုက်မိမှ မှတ်မိကြတော့သည်။ အပြုံးချင်း ဖလှယ်ကြသည်။ လက်ချင်းဆုပ်ကိုင် ထားမိကြသည်။ ရှေးကရုပ် မဟုတ်တော့၊ ဆံပင်ဖြူသူ၊ မုတ်ဆိတ်မွေးဖြူသူ၊ ဝလာသူ၊ ပိန်သွားသူ၊ ကြမ်းတမ်းသွားသူ၊ အိုကျသွားသူ။ သို့သော် အပြုံးနှင့် လက်အနွေးများသာ ပျိုနုနေကြဆဲ။ သူတို့သည် အချိန်ကို လွှမ်းမိုးအောင်နိုင်ကြပေသည်။ ထိုစဉ်က ကျောင်းတွင် သင်ခဲ့ရသော အိတ်ဂျီဝဲ၏ "အချိန်စက်ယန္တရား" ကြီးသည် အပြုံးနှင့် လက်အနွေးကို မလည်ပတ်နိုင်တော့ပေ။

## (၁၀)

တကယ်တော့ ကျွန်တော်သည် ခံစားချင်သူ၊ လေ့လာချင်သူသာ ဖြစ်ပေသည်။ ပါဝင်ချင်သူ၊ ကပြချင်သူ မဟုတ်ပေ။ ခံစားခြင်း၊ လေ့လာခြင်းသည် တစ်ယောက်တည်း အလုပ်များသာ ဖြစ်သည်။ ဤအလုပ်များကိုသာ နှစ်သက်သည်။ ခံစားခြင်းသည် ကိုယ့်အပေါ်၌သာ တည်သည်။ ခံစားချင်သည့်စိတ်ပေါ်လာလျှင် ခံစားနိုင်သည်။ လွတ်လပ်သည်။ လေ့လာခြင်းသည်လည်း ထို့အတူပင်။

ယင်းသို့ ဆိုသဖြင့် ကျွန်တော်သည် ငယ်စဉ်က လူထုလှုပ်ရှားမှု၊ နိုင်ငံရေးလှုပ်ရှားမှုများကို စိတ်မဝင်စားဟု မဆိုလိုပေ။ ကျွန်တော်၏ ပတ်ဝန်းကျင်မှာလည်း ထိုခေတ်အခါက နိုင်ငံရေးလှုပ်ရှားမှုနှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်။ ကျွန်တော်၏အဘိုးဖြစ်သူမှာ ဝံသာနုဥက္ကဋ္ဌ လုပ်ခဲ့သူဟု ကြားရသည်။ ကျွန်တော်၏ဖခင်မှာ ပထမဆုံးဖွဲ့သော တို့ဗမာအစည်းအရုံး၏ ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ဝံသာနုခေတ် ပင်နီနှင့် ယောထဘီခေတ်ကား ကျွန်တော်ငယ်ငယ်ကကာလ။ တစ်ဆင့်စကား ကြားဖူးရုံမျှသာ။ မှတ်တော့ မှတ်မိနေသေးသည်။ ကုမ္ပာရီများသည် ယောထဘီ ဆင်ယင်ထားကြသည်။ ပင်နီရောင်ထဲမှ ဒေါင်းရုပ်ကို မြင်နေသေးသည်။ ပင်နီချောနှင့် ယောထဘီဟူသော

mgyoe.com